# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၃၃)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်၊ ၂၅-၇-၂၀၂၄၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာ သည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**အတတ်ပညာ၊ အသိပညာနှင့် အတွေးအခေါ် ထက်မြက်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်**

# နိုင်ငံတော်၏အနာဂတ်ကို တည်ဆောက်ဖော်ဆောင်ရာတွင် ပညာရေးကို ရေရှည်မြင့်မားအောင် မြှင့်တင်ဆောင်ရွက်ခြင်းကသာ အကောင်းမွန်ဆုံး၊ အမှန်ကန်ဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းဖြစ်

နေပြည်တော် ဇူလိုင် ၂၄

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ စာမျက်နှာ ၃ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မအင်ကြင်းအောင်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၄

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


ရုရှားကိုယ်ပိုင်သီးခြားအာကာသစခန်း ၂၀၃၀ ပြည့်နှစ်၌ စတင်တည်ဆောက်မည် စာမျက်နှာ ၈

အသစ်ဝင် နှမ်းဈေးကွက် ဝယ်လိုအားကောင်း ဈေးမြင့်တက်နေ စာမျက်နှာ ၁၃

**၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၅ ရက် ၊ ကြာသပတေးနေ့ ။**

# အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိ

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့အစဉ်အလာများ ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းတွင်ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အဓိကဦးစီးဆောင်ရွက်လျက်ရှိပါကြောင်း။ ထိုသို့ဆောင်ရွက်ရာတွင် ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် ရှေးဟောင်းအဆောက်အအုံများကို အဆောက်အဦဆိုင်ရာ ကာကွယ်ထိန်းသိမ်းခြင်းအပြင် ဥပဒေဖြင့်ပါ ကာကွယ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာကြုံတွေ့လာရပါက ကာကွယ်နိုင်ရန်နှင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်ကိုလည်း သုတေသနလုပ်ငန်းများ၊ မြေပုံများရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။ ထို့ပြင် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် ရှေးဟောင်းအဆောက်အအုံဆိုင်ရာ ကာကွယ်ထိန်းသိမ်းရေးဥပဒေများကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။ ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၂၄ရက်တွင် လှုပ်ခဲ့သည့်ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် ပုဂံဒေသရှိ ငလျင်ဒဏ်ခံရသည့် ဘုရားစေတီ ၃၈၉ဆူအတွင်းမှ ပြုပြင်ရန်ကျန်ရှိသည့် ဘုရားအမှတ်(၁၅၉၇)သဗ္ဗညုဘုရားကို မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲရေးဌာနတို့အကြား ငွေကြေးအလွှန် ပုဂံဒေသရှိ သမိုင်းဝင်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ဇူလိုင် ၂၃ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ အဌမအကြိမ်မြောက် အစည်းအဝေး၌ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း ရေးဆွဲထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။ အများပြည်သူ အသိပညာဗဟုသုတပွားများစေရန်အတွက် အကြောင်းအရာစုံ၊ ကဏ္ဍစုံပြသနိုင်မည့် ပုဂ္ဂလိကပြတိုက်များ စနစ်တကျ ပေါ်ထွက်လာစေရန်နှင့် ပြတိုက်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့်အတွက် မြန်မာနိုင်ငံပြတိုက်များ ဥပဒေကြမ်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးဥပဒေ(မူကြမ်း)တို့ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ကောင်းမြတ်သည့်ဂုဏ်ဒြပ်နှင့် အစဉ်အလာ၊ အမျိုးသားရေးစံနှုန်းများကို ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့နေစေရန်ရည်မှန်းပြီး အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများကို ကော်မတီက အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေး၊ သုတေသနပြုရေးလုပ်ငန်းများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ကာ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ချမ်းအေးသာစံမြို့နယ် သမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

**မန္တလေး ဇူလိုင် ၂၄**

ချမ်းအေးသာစံမြို့နယ်၊ မြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီက ၂၇လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းရှိ အသင်းစုခန်းမတွင် ကျင်းပပြုလုပ်ရာ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အသင်းသူ၊ အသင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ဦးကြည်မောင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းသမဝါယမ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းလင်းက အမှာစကားပြောကြားသည်။




ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်အတွင်းရေးမှူး ဦးသိန်းမြင့်နှင့် ချမ်းအေးသာစံမြို့နယ်၊ သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီလာလွင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ဘဏ္ဍာရေးရှင်းတမ်းကို ဒေါ်ကျော့ကျော့သဲကလည်းကောင်း၊ ဒါရိုက်တာအဖွဲ့အစီရင်ခံစာကို ဒေါ်စန်းစန်းလွင်နှင့် ဒေါ်အေးအေးမြင့်တို့ကလည်းကောင်း အသီးသီး ဖတ်ကြားအစီရင်ခံကြသည်။

ထို့နောက် အခြေခံအသင်း (၈၇)သင်းအား အစုထည့်ဝင်ငွေအပေါ်မှ အကျိုးရငွေများခွဲဝေပေးပြီး ၂၀၂၃ ပညာသင်နှစ် အခြေခံပညာ အထက်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ကဆ)**

၀-၀-၀-၀-၀

## မြစ်သားမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြစ်သား ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် သစ်တက်ကုန်းကျေးရွာ၌ သတ္တမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇူလိုင် ၂၄ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ကျေးရွာစီမံကိန်းကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လိုက်နာရမည့် စီမံကိန်း လက်စွဲစာစောင်ပါစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်း ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ ငွေစာရင်းဇယားပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၄၄ ဒသမ ၄ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သစ်တက်ကုန်း ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇၀ ဦးကို ငွေကျပ် ၂၁ ဒသမ ၀၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁၄ ဦးကို ငွေကျပ် ၂၃ ဒသမ ၃၆ သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၈၄ ဦးကို ငွေကျပ် ၄၄ ဒသမ ၄ သန်းအား စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၄၄၅)**



## မန္တလေးတောင်သာသနာ့လုပရေးနှင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး မြေထိန်းနံရံမြှင့်တင်



**မန္တလေး ဇူလိုင် ၂၄**

မန္တလေးတောင်သာသနာ့လုပရေးနှင့် တောင်တက်လမ်းတစ်လျှောက် ဘုရားဖူးများ အန္တရာယ်ကင်းစွာ သွားလာဖူးမြော်နိုင်ရေးအတွက် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက မန္တလေးတောင် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့်ဂေါပက အဖွဲ့ဝင်များကြီးကြပ်၍ တောင်တက်လမ်းတွင် မြေထိန်းနံရံမြှင့်တင်ပြုလုပ်ပေးလျက်ရှိသည်။ မန္တလေးတောင် ဝန်ထမ်းများကလည်း တောင်တော် စိမ်းလန်းစိုပြည်ရေးအတွက် တောင်တက်လမ်း မောင်းတံဂိတ်ဝန်းကျင် သစ်ပင်များစိုက်ပျိုးခြင်း၊ ပေါင်းသင် မြက်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့သည်။

အလားတူ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သော စောင်းတန်းအမိုးများ၊ တောင်တက်လမ်းရှိ အဆောက်အဦများမှ အမိုးများကိုလည်း တောင်တော်ဝန်ထမ်းများက ပြုပြင်ခြင်း၊ လမ်းကာတံုးများ ဆေးသုတ်ခြင်း၊ အားကစားလေ့ကျင့်ကိရိယာများ တပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၄၅)**

## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @ gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော် အခြေခံပညာအထက်တန်းကျောင်းများနှင့် တပ်မတော်ပညာရေးကျောင်းများမှ အုပ်ချုပ်မှု တာဝန်ခံအရာရှိများနှင့် ကျောင်းအုပ်ကြီးများ၊ ဆုရစစ်သည်များ၊ ကျောင်းသားကျောင်းသူများ၊ မိဘများ၊ ဆရာဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

## ဂုဏ်ပြုအမှာစကား ပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ပညာရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း၏ အဓိကအခြေခံအုတ်မြစ်ဖြစ်သည့်အပြင် နိုင်ငံ့သားကောင်း တစ်ယောက်တွင် ရှိသင့်သည့် ကျင့်ဝတ်၊ စည်းကမ်းလိုက်နာမှု၊ စုပေါင်းဆောင်ရွက်တတ်မှု စသည့်စိတ်နေစိတ်ထား အခြေခံကောင်းများ ဖြစ်လာအောင် လေ့ကျင့်ပုံဖော်ပေးသည့် အရာဖြစ်ကြောင်း၊ အဆင့်မြင့် ပညာရပ်များ တတ်ကျွမ်းပြီး အရည်အချင်း ပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတည်ဆောက်ရေးပိုင်းတို့တွင် ကောင်းမွန်သည့် အထောက်အပံ့ကောင်းများ ရရှိ ရရှိရန်အတွက် ခရိုင် ၈၄ ခုတွင် ရှိသည့် အခြေခံပညာအထက်တန်းကျောင်း ၈၅ ကျောင်းကို ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ အဆိုပါ အခြေခံပညာအထက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် နယ်ပယ်အသီးသီး၌ အားနည်းချက်များ ဖြစ်ပေါ်စေမည်ဖြစ်ပြီး တိုင်းပြည်စည်းလုံးညီညွတ်ရေး အပေါ်ကိုလည်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တပ်မတော် အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် အောင်ချက်အကောင်းဆုံး ပထမဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လူရည်ချွန်ဆုရရှိသူ မောင်အောင်ဖုန်းပြည့်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မောင်ဝင်းထွဋ်ခေါင်စိုးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

မည်ဖြစ်ကြောင်း၊ အတတ်ပညာ၊ အသိပညာနှင့် အတွေးအခေါ် ထက်မြက် မြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ပေါကြွယ်ဝမှသာ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း။

## မူဝါဒချမှတ်ဆောင်ရွက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ယူပြီးချိန်မှစပြီး ပညာရည်မြှင့်တင်ရေးအဖြစ် ကျောင်းနေအရွယ်အားလုံး ပညာသင်ကြားနိုင်ရေးနှင့် KG+9 အထိ မဖြစ်မနေ သင်ကြားရေးကို မူဝါဒချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ KG+9 တက်ရောက် အောင်မြင်သူများအနေဖြင့်လည်း စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့် တန်းကျောင်း များတွင် တက်ရောက် အောင်မြင်ပြီးသူများကိုလည်း မိမိတို့ရရှိသည့် သတ်မှတ် အရည်အချင်းပေါ်မူတည်၍ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အဆင့်မြင့် ပညာရပ်များကို ဆက်လက် ကူးပြောင်း သင်ကြားနိုင်ရေး အတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ အနာဂတ်ကို တည်ဆောက်ဖော်ဆောင်ရာတွင် ပညာရေးကို ရေရှည်မြင့်မားအောင် မြှင့်တင်ဆောင်ရွက်ခြင်းကသာ အကောင်းမွန်ဆုံး၊ အမှန်ကန်ဆုံးနှင့် အထိရောက်ဆုံး နည်းလမ်းဖြစ်သည်ဟု ယုံကြည်ကြောင်း၊ အသိပညာနှင့် အတတ်ပညာဟန်ချက်မျှတစွာ စွမ်းရည်မြင့်မားမှုမရှိပါက နိုင်ငံတော်၏ မလွဲမသွေ သက်ရောက်စေနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့အနာဂတ်ကောင်းမွန်ရေးအတွက် ရည်ရွယ်ဆောင်ရွက်နေသည့် ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုလုပ်ငန်းများကို အားလုံးက သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တပ်မတော်သားများ အနေဖြင့် သက်ဆိုင်ရာတပ်မတော်ပညာရေးကျောင်းများမှပြီးခဲ့သည့်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်မှု ပျမ်းမျှ ၂၄ ဒသမ ၅၈ ရာခိုင်နှုန်းရှိခဲ့ပြီး တပ်မတော် အခြေခံပညာ အထက်တန်းကျောင်းများအနေဖြင့် အောင်မြင်မှုပျမ်းမျှ ၆၀ ဒသမ ၉၄ ရာခိုင်နှုန်း ရှိခဲ့သည်ကို တွေ့ရကြောင်း၊

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

တပ်မတော်သား သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦး ရှိခဲ့သကဲ့သို့ တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများ၌ တက်ရောက်ခဲ့သူများအနေဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၂၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၃၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၆၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၉၇ ဦး ရှိခဲ့သည်ကို တွေ့ရှိရကြောင်း။

တပ်မတော်ပညာရေးကျောင်းများ၌ဆိုပါက အမှတ်(၂) ပညာရေးကျောင်းသည် အောင်မြင်မှုပျမ်းမျှ ၆၆ ဒသမ ၆၇ ရာခိုင်နှုန်းရှိခဲ့သကဲ့



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မဟေမာန်ဝင့်အောင်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မောင်သုတစစ်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ထိန်ဝင်း ထူးချွန်ဂုဏ်ထူးရရှိသူ မသက်ထားနွယ်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ထူးချွန်ဂုဏ်ထူးရရှိသူ မသွယ်သွယ်မိုးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

သို့ တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများအနက် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း (စစ်တွေ)နှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း(မင်္ဂလာဒုံ) တို့သည်လည်း အောင်မြင်မှုပျမ်းမျှ ၉၅ ရာခိုင်နှုန်းကျော်အထိ ဖြစ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ အောင်မြင်မှုများနှင့် ဂုဏ်ထူးရသူများစွာကို မွေးထုတ်ပေးနိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူမိကြောင်းကို ပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံတွင် ပညာရေးကဏ္ဍပိုမိုကျယ်ပြန့်လာစေရေး ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစပြီး ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ ပေါ်ပေါက်လာသော်လည်း အခြေခံပညာကဏ္ဍတွင် ပြည်သူလူထုအများစုသည် အစိုးရအခြေခံပညာကျောင်းများ၌ အဓိကတက်ရောက်ပညာသင်ကြားကြကြောင်း၊ တပ်မတော်သား သား၊ သမီးများသည်လည်း နိုင်ငံ့ဝန်ထမ်းသား၊ သမီးများဖြစ်ကြသဖြင့် နိုင်ငံတော်အစိုးရ၏ အခြေခံပညာကျောင်းများတွင်အလေးထားတက်ရောက်ပညာ သင်ကြားကြရကြောင်း၊ ယခု ထူးချွန်ဆုရသူ အများစုသည် အစိုးရအခြေခံပညာကျောင်းများတွင် တက်ရောက်ပညာသင်ကြားပြီး ထူးချွန်အောင်မြင်ခဲ့ကြသူများဖြစ်ကြောင်း၊ ကိုယ်တိုင်ကြိုးစားအားထုတ်မှုမှ ရရှိခဲ့ကြသူများဖြစ်ကြောင်း၊ ထို့ပြင် နှစ်စဉ်တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်များတွင်လည်း တပ်မတော်အခြေခံပညာ အထက်တန်းကျောင်းများ အပါအဝင် အစိုးရအခြေခံပညာ အထက်တန်းကျောင်းများသည် ထိပ်တန်းကရပ်တည်နေသည်ကို တွေ့ရကြောင်း။

ယင်းတို့ကို ကြည့်ရှုခြင်းအားဖြင့် ပညာသင်ကြားမှု၊ တတ်မြောက်မှုနှင့် ထူးချွန်စွာအောင်မြင်နိုင်မှု အခွင့်အလမ်းတို့သည် ငွေကြေးတတ်နိုင်မှု၊ အရင်းအမြစ်ကြွယ်ဝမှုတို့ အပေါ်ထက် မိမိကိုယ်တိုင်ကြိုးစားအားထုတ်မှု၊ မိဘ၊ ဆရာနှင့် တာဝန်ရှိသူများ၏ အားပေးမှုတို့အပေါ်တွင် အဓိကတည်မှီနေခြင်း ဖြစ်သည်ကို ပြောနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်အနေဖြင့်လည်း တပ်မတော်သားများနှင့် အငြိမ်းစား မိသားစုဝင်များ၏ ပညာရေးကို မိဘ၊ ဆရာ၊ ကျောင်းသား၊ တာဝန်ရှိသူများ ဟူသည့် စတုရန်းပုံစံ ဝိုင်းဝန်းကြိုးပမ်းပေးခြင်းဖြင့် မြှင့်တင်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ သား သမီးတိုင်း၊ ကျောင်းသားတိုင်းကို ကိုယ်တိုင်ကြိုးစားအားထုတ်မှု၊ ဆရာ ဆရာမများ၏ အနီးကပ်ကြပ်မတ်လေ့ကျင့်ပေးမှုများဖြင့် ကျောင်းအသီးသီးက ကြိုးပမ်းမြှင့်တင်ပေးရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ အခမ်းအနားတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ ၆၉ ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၈၀၊ သုံးဘာသာဂုဏ်ထူးရရှိသူ စစ်သည် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည် ခုနစ်ဦး၊ တစ်ဘာသာဂုဏ်ထူး ရရှိသူ စစ်သည် ၁၃ ဦး၊ လူရည်ချွန် ၃၄ ဦးနှင့် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်ပညာရေးကျောင်းများနှင့် တပ်မတော်အခြေခံပညာ အထက်တန်းကျောင်းများမှ တာဝန်ရှိသူများကို ထိုက်ထိုက်တန်တန် ဆုပေးအပ်ချီးမြှင့်သွားမည် ဖြစ်ကြောင်း၊ အခြား ဂုဏ်ထူးရရှိသူများနှင့် ပညာသင်ဆု ရရှိသူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ယခုကဲ့သို့ဂုဏ်ပြုချီးမြှင့်ခြင်းများအပြင် တက္ကသိုလ်ပညာသင် ထောက်ပံ့ကြေးများကိုလည်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အထိ ကျောင်းသား ကျောင်းသူ ၇၈၇ ဦးကို ပညာသင် ထောက်ပံ့ကြေးများပေးခဲ့ကြောင်း၊ ၎င်းတို့အနက် ဆရာဝန်ဘွဲ့ရရှိသူ ၃၈ ဦး၊ အင်ဂျင်နီယာဘွဲ့ရရှိသူ ၃၅ ဦးနှင့် အခြားဘွဲ့ရရှိသူ ၄၁ ဦး ရှိခဲ့ပြီးဖြစ်ကြောင်း၊ ထို့အတူ အတွေ့အကြုံများရရှိပြီး အနာဂတ်ဘဝ ပုံဖော်သည့်အခါ စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များနှင့် အတူ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



☆ စာမျက်နှာ ၄ မှ

အကျိုးများစွာပြုစေရန် ရည်ရွယ်၍ ထူးချွန်ကျောင်းသားကျောင်းသူ ၂၅၇ ဦးကို ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီး ရှစ်ကြိမ်စေလွှတ်ပေးခဲ့ကြောင်း၊ ပြည်ပနိုင်ငံများကို လေ့လာရေးခရီး သွားရောက်ခဲ့သဖြင့် ရရှိခဲ့သည့်အတွေ့အကြုံများကို နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ပြန်လည်အသုံးချလုပ်ဆောင်နိုင်မည်ဟုလည်း ယုံကြည်ကြောင်း။

## ယုံကြည်ချက်၊ ခံယူချက် ခိုင်မာစွာဖြင့်တည်ဆောက်

မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ယနေ့အချိန်တွင် စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်နေကြရချိန်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများက ကြုံတွေ့နေသည့် စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်ကျော်လွှားနိုင်စွမ်းရှိသော်လည်း အသိပညာ၊ အတတ်ပညာပိုင်းဆိုင်ရာနိမ့်ပါးသည့် နိုင်ငံများအနေဖြင့် အခက်အခဲမျိုးစုံကို ရင်ဆိုင်ကြုံတွေ့ နေရသည်ကို တွေ့မြင်ကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် လူတိုင်းအကျုံးဝင်သည့် ပညာရေးမှအစပြုပြီး ခေတ်မီထိရောက်သည့် ပညာရေးစနစ်တစ်ရပ် ဖြစ်ထွန်းအောင်မြင်လာသည်အထိ မိမိတို့အားလုံး စည်းလုံးညီညွတ်ပြီး ယုံကြည်ချက်၊ ခံယူချက်ခိုင်မာစွာဖြင့် တည်ဆောက်သွားကြရန်လိုကြောင်း။

ထို့ကြောင့် အခမ်းအနားကို တက်ရောက်လာကြသည့် လူငယ်မောင်မယ်တို့ အနေဖြင့်လည်း ဗလငါးတန်ဖွံ့ဖြိုးပြီး နိုင်ငံတော်က အားကိုးအားထား ပြုရသည့် ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်များဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သား မိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများမှ ဂုဏ်ထူးငါးဘာသာနှင့်အထက် အောင်မြင်ခဲ့သူများ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် တပ်မတော်ပညာရေး ကျောင်းများ၊ တပ်မတော်အခြေခံပညာ ကျောင်းများနှင့် လူရည်ချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများ၏ ဆုရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲများတွင် အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

## ပေးအပ်ချီးမြှင့်

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လူရည်ချွန်ဆုရရှိသူ ငါးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ နှစ်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက လူရည်ချွန်ဆုရရှိသူ ငါးဦးနှင့် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ငါးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တပ်မတော် ပညာရေးကျောင်းများမှ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လူရည်ချွန်ဆုရရှိသူ ငါးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ နှစ်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးတို့က လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများ၊ စစ်သည်များအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆုများ ပေးအပ်အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများနှင့် စစ်သည်များကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထူးချွန်ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများ၊ စစ်သည်များနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

## သီဆိုဖျော်ဖြေ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က အခမ်းအနားတက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ ကျောင်းသားကျောင်းသူများ၊ မိဘများနှင့် ဆရာဆရာမများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။ စားသောက်ဖွယ်ရာများ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက လူငယ်ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဧည့်ခံဖျော်ဖြေပွဲ အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲမင်္ဂလာအခမ်းအနား မြို့တော်ခန်းမတွင် ကျင်းပ



**မန္တလေး ဇူလိုင် ၂၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၁) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲမင်္ဂလာ ရေစက်ချအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ စည်ပင်သာယာရေးရာဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ် ဆရာတော်ကြီးထံမှ ရေစက်ချအနုမောဒနာတရား နာယူကြည်ညိုကြ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီး နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## ဒူဘိုင်းစော်ဘွား Sheikh Mohammed က ကိုယ်တိုင်ရေး ကဗျာတစ်ပုဒ်နှင့် သမီးမင်္ဂလာပွဲ ဂုဏ်ပြုထား



ဒူဘိုင်းစော်ဘွားကြီး ရှိတ်မိုဟာမက်သည် ချမ်းသာကြွယ်ဝသူတစ်ဦးဖြစ်ပြီး သူ၏သမီးတော် မင်္ဂလာပွဲကို ခမ်းနားစွာ ကျင်းပခဲ့ကာ ကိုယ်တိုင်ရေးကဗျာတစ်ပုဒ်နှင့် မင်္ဂလာပွဲကို ဂုဏ်ပြုပေးထားသည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဒူဘိုင်းစော်ဘွားကြီး ရှိတ်မိုဟာမက်နှင့် ဂျာမန်လူမျိုးဇနီးသည်တို့မှ မွေးဖွားသော သမီးတော်ဖြစ်ကာ ဇနီးနှင့်ကွာရှင်းခဲ့ပြီး သမီးတော်၏ မင်္ဂလာပွဲကို စိတ်ကြိုက်ပြုလုပ်ခွင့်ပေးခဲ့၍ စိန်စီထားသော သတို့သမီးဝတ်စုံကြောင့် ကမ္ဘာ့ပရိသတ်မျက်လုံးပြူးခဲ့ကြရသည်။

သမီးတော်၏ ကြင်ရာတော်မှာ မင်းဆွေမင်းမျိုးထဲမှဖြစ်ပြီး အာရပ်ဝတ်စုံနှင့် မင်္ဂလာပွဲဆင်နွှဲခဲ့၍ သမီးတော်၏ အနောက်တိုင်းဝတ်စုံနှင့် အာရပ် နှစ်မျိုးပေါင်းစပ်ဝတ်စုံတွင် စိန်စီထားပြီး ဝတ်ဆင်ခဲ့ကာ ခမည်းတော်ဘုရင်ကြီးက ကိုယ်တိုင်ရေးကဗျာနှင့် မင်္ဂလာဂုဏ်ပြုထားသည်။ (SKY)



## အခန်းအပူချိန်အလင်းပေါက်အချိန်ပုံဆောင်ခဲများ တရုတ်ရူပဗေဒပညာရှင်များ လက်တွေ့ဖန်တီးပြုလုပ်

စိန်နှင့်သလင်းကျောက်ကဲ့သို့သော အလင်းပေါက်ပုံဆောင်ခဲများသည် အချိန်မှကင်းလွတ်သည့် ပုံဆောင်ခဲအမျိုးအစားများဖြစ်ကြသည်။ ၎င်းတို့နှင့်ဆန့်ကျင်ဘက်တွင် အချိန်နှင့်တစ်ထပ်တည်းကျသော ပုံဆောင်ခဲများရှိနိုင်သေးသည်ဟူသောအယူအဆကို အမေရိကန်ပြည်ထောင်စု မန်ဆာချူးဆက်နည်းပညာတက္ကသိုလ်မှ ပါမောက္ခဖရန့်ခ်ဝီလ်ဇက်က ၂၀၁၂ခုနှစ်တွင် တင်ပြခဲ့သည်။

ဘာကေလေမြို့ရှိ ကာလီဖိုးနီးယားတက္ကသိုလ်မှ နာနိအင်ဂျင်နီယာရှင်းကျန်းက အလင်းပေါက်အချိန်ပုံဆောင်ခဲကို ဖန်တီးပြရန်၂၀၁၃ခုနှစ်တွင် ကြိုးပမ်းခဲ့သည်။ ထိုစဉ်က ပေါ်ထွက်ခဲ့သော ပုံဆောင်ခဲများသည် ငါးမီလီစက္ကန့်မျှသာ တည်တံ့ခဲ့သည်။

ဖေဖော်ဝါရီလက ဂျာမနီနိုင်ငံ ဒေါ့မွန်းတက္ကသိုလ်မှ ပညာရှင်များဖန်တီးသည့် အလင်းပေါက်အချိန်ပုံဆောင်ခဲများမှာမူ မိနစ်၄၀ခန့်အထိတည်တံ့ခဲ့သည်။ မကြာသေးမီက တရုတ်နိုင်ငံပေကျင်းမြို့တော်ရှိ ဆင်းဟွတက္ကသိုလ်မှ ရူပဗေဒပညာရှင်များက အခန်းအပူချိန်အလင်းပေါက်အချိန်ပုံဆောင်ခဲများကို လက်တွေ့ဖန်တီးပြုလုပ်ပြနိုင်ခဲ့ပြန်သည်။ (SCI)

## Puneeth Rajkumar နောက်ဆုံးပါဝင်ထားသည့်ရုပ်ရှင် Gandhada Gudi မှာ မှတ်တမ်းတင်ပြီ

အိန္ဒိယနိုင်ငံ၏ နာမည်ကျော်စူပါစတားဖြစ်သည့် မူနိသ်ရာချ်ကူမား နောက်ဆုံးအနေနှင့် ပါဝင်ထားသည့် Gandhada Gudi မှာ မှတ်တမ်းရုပ်ရှင်ဖြစ်ပြီး တောရိုင်းတိရစ္ဆာန်နှင့် သစ်တောအကြောင်း ရိုက်ကူးထားသည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကို မူနိသ်ရာချ်ကူမားက သူ၏ငယ်ဘဝအိပ်မက်များ အကောင်အထည်ဖော်ရန်အတွက် တောရိုင်းသဘာဝရုပ်ရှင်ထုတ်လုပ်သူ အာမိုဂ်နှင့်ပူးပေါင်း၍ ခရီးစဉ်တစ်ခု စတင်၍ စွန့်စားခန်းများ ပါဝင်၍ ခေတ်ဟောင်းတေးများကို တစ်ဖန်ပြန်လည်ထည့်သွင်းရိုက်ကူးထားခြင်းဖြစ်သည်။

မူနိသ်ရာချ်ကူမား၏ မွေးရပ်မြေ အလှအပများ၊ ကာနာကာတာတောရိုင်းသဘာဝအလှအပများနှင့် တောရိုင်းတိရစ္ဆာန်များရှိသည့် သစ်တောများအကြောင်း ဇဟုသုတဖြစ်ဖွယ်ရိုက်ကူးထားရာ မှတ်တမ်းရုပ်ရှင်ဆိုသော်လည်း ရသအမျိုးမျိုးနှင့် ဆွဲဆောင်ထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ခဲ့၍ IMDb 9.2 ရရှိခဲ့သည်။ (SKY)



## Wang Yibo ကို အစိုးရပိုင်မီဒီယာများက တရားဝင်အသိအမှတ်ပြုခံရ

အစိုးရပိုင်မီဒီယာများဖြစ်ကြသည့် Xinhua,CCTV People's Daily စသည့် ဌာနများက ဝမ်ရိဘိုအကြောင်း အကြိမ်များစွာတင်၍ ချီးကျူးထားကြကာ တရားဝင်အသိအမှတ်ပြုခဲ့ကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ တရုတ်နိုင်ငံ၏ မြို့ကြီးတိုင်း တရားဝင်အဖွဲ့အစည်းများ၏ Official Acc များက ဝမ်ရိဘို၏ သီချင်းများ၊ စကားများကို နောက်ခံအဖြစ် အသုံးပြု၍ Promotion Video Clip များ တင်ပေးထားကြသည်။

ဝမ်ရိဘိုနှင့် ဝူတန်တို့၏ Dragon Clan ကို CCTV Culture and Tourism Bureau က ပြန်လည်မျှဝေပေးထားပြီး ရုပ်ရှင်ဘလော့ကာတစ်ဦးက "အဓိကသရုပ်ဆောင်က မည်သူဖြစ်ဖြစ် ယဉ်ကျေးမှုခရီးစဉ်ကြီးကို နေရာတိုင်းရောက်အောင် မည်သူမောင်းနှင်နေသည်ဆိုသည်ကို လူတိုင်းသိပြီးသားပါပဲ" ဟု ပို့စ်တင်၍ ဂုဏ်ပြုထားသည်။ (SKY)



## Kiara တို့ စုံတွဲကို Ambani သား မင်္ဂလာပွဲကြို Sangeet တွင် ဖက်ရှင်စတိုင်လ်သစ်နှင့်တွေ့ရ

ကမ္ဘာကျော်အိန္ဒိယသူဌေး စာရင်းဝင် ဘီလျံနာအမ်ဘာနီသား၏ Sangeet ပွဲတွင် ကီရာရာတို့စုံတွဲ၏ ပွဲတက်ဝတ်စုံမှာ ဖက်ရှင်စတိုင်လ်သစ်နှင့် ပရိသတ်စိတ်ဝင်စားမှုရရှိခဲ့သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲသို့ ဘောလိဝုဒ်အနုပညာရှင်များစွာ တက်ရောက်ခဲ့ကြရာ အာလီယာ၊ ရမ်ဘီကပူး၊ အာဒီယာရေကူမား၊ မစ်ယာမာလန်၊ ရှာဟေ့ကပူး စသည့် အနုပညာရှင်များစွာ တက်ရောက်အားပေးထားကြသည်။ အနက်ကီရာရာနှင့် ဆိဒ်တို့ စုံတွဲလည်း ပါဝင်ခဲ့သည်။

ဘောလိဝုဒ်အနုပညာရှင်များ အနက် ကီရာရာနှင့် ဆိဒ်၏ ဝတ်စုံမှာ အလှဆုံးဖြစ်နေပြီး အိန္ဒိယရိုးရာဝတ်စုံဖက်ရှင်စတိုင်လ်သစ်ကြောင့် ပွဲတော်တွင် လူအများစိတ်ဝင်စားမှုကို ရရှိခဲ့ကြသည်။ အလှဆုံးနှင့် အထင်ပေါ်ဆုံးဝတ်စုံဟုလည်း မှတ်ချက်ပေးထားကြသည်။ (SKY)

## Johnny Deep ချမ်းသာကြွယ်ဝသော်လည်း သာမန်လူကဲ့သို့ ဆင်းရဲစွာနေထိုင်သူဖြစ်

ဟောလီဝုဒ်နာမည်ကြီး အနုပညာရှင် ဂျွန်နီဒပ်ဖ်သည် ချမ်းသာကြွယ်ဝသူဖြစ်သော်လည်း သာမန်လူကဲ့သို့ ဆင်းရဲစွာနေထိုင်တတ်သူဖြစ်ကာ ပြင်သစ်ရွာဟောင်းကို ဝယ်ယူခဲ့၍ ပရိသတ်အံ့အားတသင့်ဖြစ်ခဲ့ကြသည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၀၁ ခုနှစ်တွင် Pirates of the Caribbean ဇာတ်ကားများ၏ ပင်တိုင်သရုပ်ဆောင်ဖြစ်ခဲ့သော ဂျွန်နီဒပ်ဖ်သည် အမှုကိစ္စများစွာနှင့် ရင်ဆိုင်ခဲ့ပြီးနောက် အနုပညာလောကမှ ပျောက်ကွယ်နေခဲ့သည်။

ဂျွန်နီဒပ်ဖ်က St Tropez မြို့၏ ၁၇ မိုင်အကွာက ပြင်သစ်ရွာဟောင်းကို ဝယ်ယူခဲ့သော သတင်းထွက်ပေါ်လာကာ ရွာ၏အခြေခံအဆောက်အအုံများမှာ ၁၈၀၀ ပြည့်ခေတ်ဟောင်းဒီဇိုင်းများဖြစ်ပြီး အကျယ်အဝန်း စုစုပေါင်း ၃၇ ဧကထိ ရှိသည်။

ဂျွန်နီဒပ်ဖ်လက်ထဲရောက်မှ ခမ်းနားသည့် ပြင်ဆင်မှုများနှင့် အရောင်းဈေးကွက်တက်နိုင်ခဲ့သည်အထိ ကျော်ကြားခဲ့သည်။ (SKY)



## Lisa ကို အရုပ်များနှင့် ဓာတ်ပုံမတင်ရန် ပရိသတ်တောင်းဆိုထား



ဘလက်ပင့်ခ်အဖွဲ့ဝင် လီဆာကို အရုပ်များနှင့် ဓာတ်ပုံကို လူမှုကွန်ရက်တွင် မတင်ရန် အင်တာနက်သုံးစွဲသော ပရိသတ်များက တောင်းဆိုထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီဆာသည် ယခင်က Pop Mart မှ အရုပ်တစ်ရုပ်ဝယ်ခဲ့ပြီး ဆိုရှယ်မီဒီယာပေါ် ဓာတ်ပုံတင်ရာမှ ဈေးနှုန်းများ ၄၀၀ရာခိုင်နှုန်းအထိ သိသိသာသာ မြင့်တက်ခဲ့ပြီး ချက်ချင်းရောင်းကုန်သွားခဲ့သည်။

ယင်းအချက်ကြောင့် ဆိုရှယ်မီဒီယာသုံးစွဲသူများက ဈေးတက်ခြင်း၊ ပြတ်တောက်ခြင်း မဖြစ်စေရန် အရုပ်များနှင့် ကြော်ငြာခြင်းမပြုရန် တောင်းဆိုထားသော်လည်း လီဆာက Dsigner Toys များ ရောင်းချသည့် ပြင်သစ်နာမည်ကြီး Pop Mart စတိုးဆိုင်တွင် ရောက်ရှိနေ၍ အရုပ်စုဆောင်းသူများ စိုးရိမ်နေကြသည်။ (SKY)

# ရုရှားကိုယ်ပိုင်သီးခြားအာကာသစခန်း ၂၀၃၀ ပြည့်နှစ်၌ စတင်တည်ဆောက်မည်



**မော်စကို ဇူလိုင် ၂၄**

ရုရှားကိုယ်ပိုင်သီးခြားအာကာသစခန်းကို လာမည့် ၂၀၃၀ ပြည့်နှစ်၌ စတင်တည်ဆောက်မည်ဖြစ်ကြောင်း အေအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဇူလိုင် ၂၃ ရက်က ရုရှားအစိုးရအာကာသကော်ပိုရေးရှင်း၌ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ကော်ပိုရေးရှင်းညွှန်ကြားရေးမှူး ယူရီဘိုရီဆော့ဖ်က အဆိုပါအာကာသစခန်းတည်ဆောက်မည့် အစီအစဉ်အကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

၂၀၂၇ ခုနှစ်တွင် အာကာသစခန်းနှင့်ပတ်သက်၍ သုတေသနပြုလေ့လာမှုစတင်ပြုလုပ်မည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် အခြေခံကိုယ်ထည်ပိုင်းတပ်ဆင်မှုများ ပြုလုပ်ပြီးနောက် အာကာသစခန်းတည်ဆောက်ရေးစီမံကိန်း ပထမအဆင့် ပြီးဆုံးသွားမည်။

၂၀၃၁ ခုနှစ်မှ ၂၀၃၃ ခုနှစ်အထိ ထိုအာကာသစခန်းတည်ဆောက်ရေးစီမံကိန်း၏ ဒုတိယအဆင့်ကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

အဆိုပါရုရှားကိုယ်ပိုင်အာကာသစခန်းတည်ဆောက်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာသန်း ၇၀၀ ခန့် ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



# ဖရန်ကင်စတိုင်းထရပ်ကားအစီး ၅၀ ကို မက္ကဆီကို အာဏာပိုင်များက ဖျက်ဆီးရှင်းလင်း

**မက္ကဆီကိုစီးတီး ဇူလိုင် ၂၄**

ကျည်ကာကိုယ်ထည်များတပ်ဆင်ထားသည့် ဖရန်ကင်စတိုင်းထရပ်ကားဟု ခေါ်တွင်သော ကားအစီး ၅၀ ကို မက္ကဆီကိုအာဏာပိုင်များ မကြာသေးမီက ဖျက်ဆီးရှင်းလင်းလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သော ဒုစရိုက်ဂိုဏ်းများထံမှ ထိုကားများကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

ဒုစရိုက်ဂိုဏ်းသားများက မူးယစ်ဆေးဝါး အရောင်းအဝယ်ပြုလုပ်ရာတွင် မိမိကိုယ်မိမိ ခုခံကာကွယ်ရန် ထိုကားများကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**




လူပေါင်း ၂၂၉ ဦး သေဆုံးစေခဲ့သော အီသီယိုပီးယားနိုင်ငံတောင်ပိုင်း မြေပြိုမှုအခင်းဖြစ်နေရာ၌ ပျောက်ဆုံးနေသူများကို ဇူလိုင် ၂၃ ရက်က စုဝေးရှာဖွေနေကြစဉ်။ **Mon**



# ဂေမီဟု အမည်ရသော တိုင်ဖုန်းမုန်တိုင်းပြင်းထန် ဖိလစ်ပိုင်မြောက်ပိုင်းတွင် လုပ်ငန်းများရပ်တန့်

**မနီလာ ဇူလိုင် ၂၄**

ဂေမီဟု အမည်ရသော တိုင်ဖုန်းမုန်တိုင်း ရက်အနည်းငယ်အတွင်းက ပြင်းထန်စွာ တိုက်ခတ်ခဲ့ရာ ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် ရေကြီးမှုကြောင့် လုပ်ငန်းများ ရပ်တန့်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အလွန်လူနေသိပ်သည်းသော မနီလာမြို့တော်အပါအဝင် ဖိလစ်ပိုင် မြောက်ပိုင်းဒေသများတွင် မုန်တိုင်းကြောင့် ရွာသွန်းသည့် မိုးရေချိန်ပမာဏများလွန်းသဖြင့် မြေနိမ့်ပိုင်းတွင် မြစ်၊ ချောင်းများ ရေလျှံခဲ့သည်။

မနီလာမြို့တော်ရှိ အစိုးရ၊ ပုဂ္ဂလိကရုံးဌာနများ၊ စာသင်ကျောင်းများကို ပိတ်ထားလိုက်ရပြီးနောက် အစိုးရက အရေးပေါ်အခြေအနေသတ်မှတ်ကြေညာထားသည်။

ရေကြီးမှုနှင့်တစ်ဆက်တည်းတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ရာ မနီလာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တင်လေယာဉ်ခရီးစဉ်ပေါင်း ၁၀၀ ခန့်ကိုလည်း ရပ်ဆိုင်းထားရသည်။

မနီလာမြို့တော်တွင် ၂၄ နာရီအတွင်း မိုးရေချိန် မီလီမီတာ ၂၀၀ ကျော် စံချိန်တင်ရွာသွန်းခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0






# ကနေဒါနိုင်ငံ ဂျေစပါအမျိုးသားဥယျာဉ် ချော်တာမွန်တောင်တန်းဒေသတွင် လူပေါင်းထောင်နှင့်ချီ၍ တောမီးဘေးမှ ရှောင်ရှား

**အော့တဝါ ဇူလိုင် ၂၄**

ကနေဒါနိုင်ငံ ရော့ကီးစ်တောင်တန်းများနှင့် တစ်ဆက်တည်းဖြစ်သော ချော်တာမွန်တောင်တန်းဒေသတွင် ဇူလိုင် ၂၃ ရက်က လူပေါင်းထောင်နှင့်ချီ၍ မီးဘေးမှ ရှောင်ရှားခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

တောမီးများသည် ဂျက်စပါအမျိုးသားဥယျာဉ်အနီးသို့ ချဉ်းကပ်ရောက်ရှိလာခဲ့သဖြင့် လူနေဒေသများမှ ဒေသခံများ အမြန်ရွှေ့ပြောင်းပေးခဲ့ရခြင်း ဖြစ်သည်။

မီးသတ်တပ်ဖွဲ့က ရဟတ်ယာဉ်များဖြင့် ရေကို သယ်ယူလာပြီး ထိုတောမီးကို ဆက်လက်ငြိမ်းသတ်ပေးနေကြောင်း သိရသည်။

**Mon**

# လွန်ခဲ့သော ဇူလိုင် ၂၁ ရက်ကို ကမ္ဘာ့အပူဆုံးနေ့အဖြစ် ဥရောပ ရာသီဥတုအပြောင်းအလဲဌာန သတ်မှတ်

**ဘရပ်ဆဲလ် ဇူလိုင် ၂၄**

လွန်ခဲ့သော ဇူလိုင် ၂၁ ရက်ကို ကမ္ဘာ့အပူဆုံးနေ့အဖြစ် ဥရောပသမဂ္ဂ၏ ကော်ပါးနီကပ်စ်ရာသီဥတုအပြောင်းအလဲဌာနက ဇူလိုင် ၂၃ ရက်တွင် သတ်မှတ်ကြေညာခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ထိုနေ့က ကမ္ဘာ့လေထု၏ ပျမ်းမျှအပူချိန်သည် ၁၇ ဒသမ ၀၉ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ရောက်ရှိခဲ့ရာ ၁၉၄၀ ပြည့်နှစ်နောက်ပိုင်းတွင် အပူအပြင်းဆုံးဖြစ်ကြောင်း အဆိုပါဌာနက မှတ်တမ်းတင်ခဲ့သည်။

လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်က အမေရိကန်ပြည်ထောင်စု၊ ဥရောပနှင့် ရုရှားတို့တွင် အပူလှိုင်းဖြတ်သန်းကာ ရာသီဥတုအပူချိန်လွန်ကဲခဲ့သည်။

၂၀၂၃ ခုနှစ် ဇွန်လမှစတင်၍ လစဉ်လတိုင်း အဆင့်ဆင့် အပူချိန်မြင့်တက်လာခဲ့ရာမှ ယခုနောက်ပိုင်းတွင် အပူလွန်ကဲမှု အခြေအနေ ပိုဆိုးလာခဲ့ခြင်းဖြစ်သည်။

အယ်လ်နီးညိုရာသီဥတုဖြစ်စဉ် လွန်ခဲ့သော ဧပြီလက ပြီးဆုံးသွားပြီဆိုသော်လည်း ကမ္ဘာအနှံ့တွင် ဇူလိုင်လထဲအထိ အပူချိန်မြင့်တက်မှု ဆက်လက်အကျိုးသက်ရောက်နေဆဲဖြစ်ကြောင်း သိရသည်။

**Mon**



# ဆော်ဒီအာရေဗျ ဦးပိုင်ကုမ္ပဏီ၏ အီးကော်ပတာများ ရီယာ့ဒ်ကုန်စည်ပြပွဲတွင် မိတ်ဆက်ပြသရန် စီစဉ်ထား

**ရီယာ့ဒ် ဇူလိုင် ၂၄**

ဆော်ဒီအာရေဗျ ဦးပိုင်ကုမ္ပဏီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဖလိုင်းနောင်းဟု အမည်ပေးထားသော လုပ်ငန်းစုက ထုတ်လုပ်ထားသည့် အီးကော်ပတာခေါ် လျှပ်စစ်ရဟတ်ယာဉ်များကို ၂၀၃၀ ပြည့်နှစ် ရီယာ့ဒ်ကုန်စည်ပြပွဲတွင် မိတ်ဆက်ပြသရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

တစ်ယောက်စီး၊ နှစ်ယောက်စီး ပုံစံနှစ်မျိုးခွဲပြီး ထုတ်လုပ်ထားသည့် လျှပ်စစ်ရဟတ်ယာဉ်ငယ်များကို အရှေ့အလယ်ပိုင်းဒေသ၌ အနာဂတ်ကူးသန်းသွားလာရေးအတွက် တွင်ကျယ်စွာ အသုံးပြုလာလိမ့်မည်ဟု မျှော်မှန်းထားကြောင်း ကုမ္ပဏီပြောခွင့်ရသူက ရှင်းပြသည်။

ထိုလျှပ်စစ်ရဟတ်ယာဉ်ငယ်များသည် အင်ဂျင်ဖြင့် မောင်းနှင်နိုင်သည့် ရဟတ်ယာဉ်ကြီးများကဲ့သို့ အထက်အောက်၊ ဒေါင်လိုက် ဆင်းနိုင်၊ တက်နိုင်မည်ဟု ဆိုသည်။

လာမည့် လအနည်းငယ်အတွင်း ဖလိုင်းနောင်းလုပ်ငန်းစုရုံးခွဲများကို ဆော်ဒီအာရေဗျနိုင်ငံအနှံ့အပြားတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်ဟု ဆော်ဒီအာရေဗျ ဦးပိုင်ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် မိုဟာမက်အယ်လ်ကွာတာနီက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

**Mon**





## လျှပ်စစ်ဝါယာကြိုး အပူလွန်ကဲပြီး မီးလောင်ကျွမ်း

**ပျဉ်းမနား ဇူလိုင် ၂၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မြို့ဦးရပ်ကွက်၊ အောင်ချမ်းသာ ဘုရားအနီးနေအိမ်တွင် လျှပ်စစ်မီးဖြင့် ဘုရားမီးပူဇော်ထားရာမှ လျှပ်စစ်ဝါယာကြိုးအပူလွန်ကဲပြီး မီးလောင်မှု ဇူလိုင် ၂၃ ရက် နံနက် ၇ နာရီ မိနစ် ၂၀ က ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ပျဉ်းမနား မြို့နယ်မီးသတ်ဦးစီးမှူးနှင့်သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်များ၊ မီးသတ်ရေသယ်ယာဉ်များဖြင့် ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့ကြပြီး (၃)ပင်ပတ်လည်နေအိမ်နှင့် နေအိမ်အတွင်း ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၅၇)

## ရတနာပုံတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၄**

ရတနာပုံတက္ကသိုလ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ယာဉ်အန္တရာယ်နှင့် ဥပဒေပြဋ္ဌာန်းချက်များအကြောင်း အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီခွဲက အဆိုပါတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ဒုတိယပါမောက္ခချုပ် ဒေါက်တာသွယ်လင်းကိုက အဖွင့်အမှာစကားနှင့် ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အမရပူရမြို့နယ်၊ အမှတ်(၈၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ် ကျော်မင်းသူက ယာဉ်အန္တရာယ်ဖြစ်စေသည့် အဓိကအကြောင်းအရာများဖြစ်သည့် ယာဉ်မောင်းများ၏ ပေါ့ဆမှုများ၊ ရာသီဥတုအခြေအနေများနှင့် လမ်းအနေအထားများကိုလည်းကောင်း၊ ယာဉ်အန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများက ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့် ယာဉ်မောင်းနှင်စဉ် ခါးပတ်ပတ်ထားရန်၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ စီးကြရန်၊ မေးသိုင်းကြိုးကို စနစ်တကျ တပ်ဆင်ထားကြရန်၊ ခြေလျင်လျှောက်သူများ လိုက်နာရမည့်အချက်များ၊ မီးပွိုင့်များ၏ စည်းကမ်းသတ်မှတ်ချက်များ၊ ယာဉ်ကြောများ၏ သတ်မှတ်ချက်များ၊ ယာဉ်မောင်းလိုင်စင်ကိစ္စရပ်များ စသည့် အကြောင်းအရာများကို အသိပညာပေးဟောပြောပြီးနောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ဟောပြောပေးသော ရဲအုပ် ကျော်မင်းသူအား ဒုတိယပါမောက္ခချုပ် ဒေါက်တာဦးခင်မြို့က အမှတ်တရလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါဟောပြောပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ စီမံဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၈၀ ဦး တက်ရောက်ကြောင်း သိရသည်။

(အောက်ဝဲပုံ)

(၀၈၂)



## မိုးသည်းထန်စွာ ရွာသွန်း၍ သစ်ပင်လဲကျ ရှင်းလင်းဖယ်ရှား

**မကွေး ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စလေမြို့၊ အမှတ်(၅)နယ်မြေ၊ ကန်ပုံချောင်းရပ်ကွက်အတွင်း ဇူလိုင် ၂၃ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သစ်ပင်လဲကျ၍ နေအိမ်ပေါ်တွင် သစ်ကိုင်းများ ပိမိနေကြောင်း သတင်းရရှိသဖြင့် ချောက်မြို့နယ်၊ စလေနယ်မြေ မီးသတ်စခန်း တာဝန်ခံဦးဆောင်၍ ရှာဖွေကယ်ဆယ်ရေးသန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

(အောက်ပုံ)(၀၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ပင်လောင်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် ဇူလိုင် ၂၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၁ ရက် မွန်းလွဲ ၃ နာရီခွဲက သက်သေများနှင့်အတူ ပင်လောင်းမြို့နယ်၊ နောင်တောကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ခွန်လှထွန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ခွန်လှထွန်း(၂၂)နှစ်အား နောင်တရားနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ပေါင်းလောင်းမြစ်အတွင်း ရေနစ်သေဆုံး

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ကျဉ်တောင်ကျေးရွာအုပ်စု၊ ကျဉ်တောင်ကျေးရွာအနီးရှိ ပေါင်းလောင်းမြစ်အတွင်း ဇူလိုင် ၂၁ ရက် ညနေပိုင်းက သူငယ်ချင်းများနှင့်အတူ ရေလာရောက်ကစားသည့် အသက် ၂၀အရွယ် လူငယ်တစ်ဦး ရေနစ်သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ရေဆင်းကစားသည့် လူငယ်များမှာ ပျဉ်းမနားမြို့တွင် နေထိုင်သူဖြစ်ပြီး လူငယ်တစ်ဦး ရေကူးနေစဉ် ခြေထောက်ကြွက်တက်ပြီး ရေနစ်သေဆုံးခဲ့ခြင်း ဖြစ်သည်။

ရေနစ်သေဆုံးနေသူအား ပျဉ်းမနားမြို့နယ် ဂရုဏာရှင် ပရဟိတလူမှုကူညီရေးအသင်းမှ ရှာဖွေကူညီပေးခဲ့ကြောင်း သိရသည်။

(၀၄၅)

၀-၀-၀-၀-၀-၀-၀

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၄**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ တံတားဦးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီ ပရီမီယမ်ဒီဇယ်ဆီ ဂါလန် ၂၀၀ နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် SOJEN Light Truck တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။










ထို့အတူ ဇူလိုင် ၂၂ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၌ တရားမဝင် အခြားသစ် (၀ ဒသမ ၇၅)တန်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၂၄

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား လေးဦးနှင့် အမျိုးသမီးတစ်ဦးတို့အား တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ် ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့ အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့် ရမည်းသင်းအကျဉ်းထောင်နှင့် ကင်းသာ (၁)၊ (၂) ကုန်ထုတ်စခန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၄

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဇူလိုင် ၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ ရမည်းသင်း အကျဉ်းထောင်ကို လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ကင်းသာ (၁)၊ (၂) ကုန်ထုတ်စခန်းကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။



အဆိုပါနေရာများသို့သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားအကျဉ်းသူ၊ အချုပ်သားအချုပ်သူများကို အိပ်ဆောင်များ၌ တွေ့ဆုံ၍ အကျဉ်းသား၊ အချုပ်သား တစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသော သောက်ရေနှင့်သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုနှင့် တွေ့ဆုံခွင့်ပေးနေမှု၊ ယုံကြည်ရာကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့် အခြေအနေ၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးမှု၊ စာရိတ္တပြုပြင်ပြောင်းလဲပေးမှု၊ စာကြည့်တိုက် စီစဉ်ထားရှိမှု၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှုနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ/ မရှိ စသည့် အခြေအနေများကို မေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသားအကျဉ်းသူ၊ အချုပ်သား အချုပ်သူများကိုလည်း သီးခြားတွေ့ဆုံမေးမြန်းမှတ်တမ်းတင်ခဲ့သည်။

ထို့ပြင် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှုရှိ/မရှိစသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သလို ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဌာနများသို့ကော်မရှင် ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၄ ပါရီအိုလံပစ် (ယူ-၂၃)ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ် စတင်

၂၀၂၄ ပါရီအိုလံပစ်(ယူ-၂၃)ဘောလုံးပြိုင်ပွဲ အုပ်စု (C) အဖွင့်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီ ၃၀မိနစ်က စပိန်အသင်းနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက ဥဇဘက်ကစ္စတန်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စပိန်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၂၉မိနစ်တွင် ပူဘေးလ်၊ ပွဲချိန် ၆၂ မိနစ်တွင် ဆာဂျီယိုဂိုးမက်ဇ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။ ဥဇဘက်ကစ္စတန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပွဲချိန် (၄၅+၃) မိနစ်တွင် ရှိမူရိုဒေါ့ဗ်က သွင်းယူပေးခဲ့သည်။

အုပ်စု(A)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၆နာရီ ၃၀မိနစ်က နယူးဇီလန်အသင်းနှင့် ဂီနီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယူးဇီလန်အသင်းက ဂီနီအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နယူးဇီလန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၅ မိနစ်တွင် ဂါဘတ်၊ ပွဲချိန် ၇၆ မိနစ်တွင် ဘန်ပိုင်က တို့က အသီးသီးသွင်းယူပေးခဲ့သည်။ ဂီနီအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပွဲချိန် ၇၂မိနစ်တွင် အမာဒူက သွင်းယူပေးခဲ့သည်။

အုပ်စု(D) ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၁ နာရီ ၃၀မိနစ်က ဂျပန်အသင်းနှင့် ပါရာဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျပန်အသင်းက ပါရာဂွေးအသင်းအား ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂျပန်အသင်းအတွက် သွင်းဂိုး ငါးဂိုးကို ပွဲချိန် ၁၉မိနစ်နှင့် ၆၃ မိနစ်တွင် မီတို၊ ပွဲချိန် ၇၀ မိနစ်တွင် ယာမာမိုတို၊ ပွဲချိန် ၈၂ မိနစ်နှင့် ၈၇မိနစ်တွင် ဖူဂျီအိုတို့က အသီးသီးသွင်းယူပေးခဲ့သည်။

(NGB)

# စစ်ကိုင်းမြို့နယ် မြသိန်းတန်ဘုရားအနီးရှိ ကျေးရွာ သုံးရွာကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ဒေသခံပြည်သူ ခြောက်ဦးကို ဖမ်းဆီးသွားသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဇူလိုင် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာအနီးတွင် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှုရှိခဲ့သည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မြသိန်းတန်ဘုရားအနီးရှိ ရှားရောင်းကျေးရွာ မင်းကွန်း(မြောက်)ရွာနှင့် မင်းကွန်း(တောင်)ရွာတို့ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ မီးရှို့ဖျက်ဆီးမှုကြောင့် ဈေးဆိုင်ခန်းများနှင့် နေအိမ်အများအပြား မီးလောင်ပျက်စီးခဲ့ပြီး ဒေသခံပြည်သူခြောက်ဦး ထက်မနည်းကိုလည်း ဖမ်းဆီးသွားသည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက မင်းကွန်းကျေးရွာအနီးသို့ PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိနေကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက လိုအပ်သော နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ထို့နောက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်မှုကြောင့် PDF အမည်ခံအကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ဆုတ်ခွာထွက်ပြေးသွားသည့် PDF အမည်ခံအကြမ်းဖက်သမားများက ဆုတ်ခွာထွက်ပြေးရာ လမ်းတစ်လျှောက်ရှိ လျှပ်စစ်မီးကြိုးများကို ဖျက်ဆီးခဲ့ခြင်းကြောင့် နေအိမ်အချို့တွင် ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းခဲ့ရာ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သော်လည်း အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် ကျေးရွာအတွင်း ရေပေးဝေသည့် ရေပိုက်လိုင်းများ မီးလောင်ပျက်စီးခဲ့ကြောင်း၊ နေအိမ်ခြောက်လုံးမှာလည်း မီးလောင်ပျက်စီးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများသည် ဘုရားစေတီပုထိုးများကို ဖူးမြော်ကြည်ညိုရန် လာရောက်သည့်ပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုများဖြင့် စည်ကားလျက်ရှိသည့် စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာကို တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် အကြမ်းဖက်လုပ်ရပ်များကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လျက်ရှိပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် မဟုတ်မမှန် စွပ်စွဲရေးသားပြီး ပြည်သူများအထင်အမြင်လွဲမှားစေရန် ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။သတင်းစဉ်






## 2024 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၂၉ ရက်တွင် စတင်မည်

**ဝါရှင်တန် ဇူလိုင် ၂၄**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော 2024 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ လာမည့်ဇူလိုင် ၂၉ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2024 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၅ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲနွှာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဂရိတ်ဗြိတိန် တင်းနစ်ကစားသမား Daniel Evans နှင့် အမေရိကန်တင်းနစ်မယ် Coco Gauff ဖြစ်သည်။ **(NGB)**

## ဟူဘာယက်အား တစ်ရာသီအငှားဖြင့် မာဆေးလ်အသင်း ခေါ်ယူ

**ပါရီ ဇူလိုင် ၂၄**

မာဆေးလ်အသင်းသည် စပါးအသင်း ကွင်းလယ်ကစားသမား ဟူဘာယက်အား တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(ယာပုံ)**




အဆိုပါ ကွင်းလယ်ကစားသမားသည် မာဆေးလ်အသင်းတွင် ကျောနံပါတ် ၂၃ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ဟူဘာယက်သည် စပါးအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၄ ပွဲကစားကာ ၁၀ ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မာဆေးလ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မာဆေးလ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ၄ ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(NGB)**



## ဆဲလ်တစ်အသင်းက မန်ချက်စတာစီးတီးအသင်းအား လေးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိ

**မန်ချက်စတာ ဇူလိုင် ၂၄**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဆဲလ်တစ်အသင်းနှင့် မန်ချက်စတာစီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆဲလ်တစ်အသင်းက မန်ချက်စတာစီးတီးအသင်းအား လေးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆဲလ်တစ်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၁၃ မိနစ်နှင့် ၃၆မိနစ်တွင် ခွန်း၊ ပွဲချိန် ၄၄ မိနစ်တွင် ဖူရူဟာရှိ၊ ပွဲချိန် ၆၈ မိနစ်တွင် ပယ်လ်မာတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဆဲလ်တစ်အသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၂၈ ရက်တွင် ချဲလ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## ယူဆက်စ်ဖိုဖာနာ၏ ပြောင်းရွှေ့ကြေးအား ယူရို ၃၅ သန်းအထိ မိုနာကိုအသင်း အလိုရှိ

**ပါရီ ဇူလိုင် ၂၄**

မိုနာကိုအသင်းသည် အသင်း ကွင်းလယ်ကစားသမား ယူဆက်စ်ဖိုဖာနာ၏ ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းအထိ အလိုရှိနေသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် မန်ချက်စတာယူနိုက်တက်၊ အက်သလက်တီကိုမက်ဒရစ်၊ အေစီမီလန်အသင်းတို့က ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ယူဆက်စ်ဖိုဖာနာသည် မိုနာကိုအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၅ ပွဲကစားပြီး ၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်၊ အက်သလက်တီကိုမက်ဒရစ်၊ အေစီမီလန်အသင်းတို့အနေဖြင့် မည်သည့်အသင်းက မိုနာကိုအသင်းအလိုရှိသည့် ပြောင်းရွှေ့ကြေးအတိုင်း ယူဆက်စ်ဖိုဖာနာအား ရရှိအောင် ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ)**



**(NGB)**

## ချီအဒမ်စ်အား တိုရီနိုအသင်း ခေါ်ယူ

**တူရင် ဇူလိုင် ၂၄**

တိုရီနိုအသင်းသည် ဆောက်သမ်တန်အသင်း တိုက်စစ်မှူး ချီအဒမ်စ်အား ၃ နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဆောက်သမ်တန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၁ ပွဲကစားပြီး ၄၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် တိုရီနိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ချီအဒမ်စ်က "ကျွန်တော် တိုရီနိုအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ လာမည့်ဘောလုံးရာသီမှာ ပုံမှန်ပွဲထွက်ခွင့်ရရှိအောင်လည်း ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(ဝဲပုံ)(NGB)**




### ဘောလုံးသတင်းအတိုအထွာများ

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဂျီရိုနာအသင်း တိုက်စစ်မှူး ဒေါ့ဗ်ဘိခ်အား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

လူငယ်ကြယ်ပွင့်ကစားသမား ချီဒိုအိုဘီမာတင်သည် အသင်းမှ ထွက်ခွာသွားပြီဖြစ်ကြောင်း အာဆင်နယ်အသင်းက အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(NGB)**

## မာရီနို ဆိုစီဒက်အသင်းတွင် ဆက်ရှိသွားမည်

**မက်ဒရစ် ဇူလိုင် ၂၄**

ကွင်းလယ်ကစားသမား မာရီနိုအသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ဆိုစီဒက်အသင်းက အတည်ပြုခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။




ကွင်းလယ်ကစားသမား မာရီနိုသည် ဆိုစီဒက်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၄၂ပွဲကစားပြီး ၂၇ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(ဝဲပုံ)**

ဆိုစီဒက်အသင်းထုတ်ပြန်ချက်တွင် "မာရီနိုအသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်းအသင်းမှာ ပျော်ရွှင်နေပါတယ်" ဟု ထုတ်ပြန်သည်။

**(NGB)**

### ၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ (အုပ်စုအဆင့်)ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် |
| --- | --- | --- | --- |
| ၂၅-၇-၂၀၂၄ ကြာသပတေးနေ့ | ညဝ၉း၃ဝနာရီ | C | စပိန် - ဂျပန် |
| ။ | ။ | A | ကနေဒါ - နယူးဇီလန် |
| ။ | ည၁၁း၃ဝနာရီ | C | နိုင်ဂျီးရီးယား - ဘရာဇီး |
| ။ | ။ | B | ဂျာမနီ - ဩစတြေးလျ |
| ၂၆-၇-၂၀၂၄ သောကြာနေ့ | နံနက်ဝ၁း၃ဝနာရီ | A | ပြင်သစ် - ကိုလံဘီယာ |
| ။ | ။ | B | အမေရိကန် - ဇမ်ဘီယာ |

### အာဆီယံ(ယူ-၁၉)ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (အုပ်စု-ဂ)နောက်ဆုံးပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
| --- | --- | --- |
| ၂၅-၇-၂၀၂၄ ကြာသပတေးနေ့ | မွန်းလွဲ၂း၃ဝနာရီ | မလေးရှား - ထိုင်း |
| ။ | ။ | စင်ကာပူ - ဘရူနိုင်း |

## ရီးရဲလ်မက်ဒရစ်အသင်း ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအတွက် ဘဏ္ဍာရေးရှင်းတမ်းတွင် ဝင်ငွေ ယူရို ၁ ဘီလီယံထိ ရရှိခဲ့

**မက်ဒရစ် ဇူလိုင် ၂၄**

ရီးရဲလ်မက်ဒရစ်အသင်းသည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအတွက် ဘဏ္ဍာရေးရှင်းတမ်းထုတ်ပြန်ကြေညာခဲ့ရာ ဝင်ငွေ ယူရို ၁ဘီလီယံထိ ရရှိခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(ဝဲပုံ)**



အဆိုပါအသင်းသည် ဝင်ငွေ ယူရို ၁ဘီလီယံထိရရှိသည့် ပထမဆုံး ဘောလုံးကလပ်အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက စပိန်လာလီဂါ ချန်ပီယံဆု၊ ချန်ပီယံလိဂ် ချန်ပီယံဆု၊ စပိန်စူပါဖလား ချန်ပီယံဆုတို့ကို ရယူနိုင်ခဲ့သလို၊ စပွန်ဆာစာချုပ်သစ်များ ရရှိခဲ့ခြင်းကြောင့် စံချိန်တင်ဝင်ငွေ ရရှိခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် လာမည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအတွက်လည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီး ဘာပေ၊ ဂျိုဆေးလူစသည့် ထိပ်သီးကစားသမားများကိုလည်း ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။ **(NGB)**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၃ ရက် မွန်းလွဲပိုင်းက စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်းနှင့်ပတ်သက်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် စီမံကိန်း၏ ရည်ရွယ်ချက်မပျောက်စေရေး စနစ်တကျ ကြီးကြပ် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။ ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက မိမိတို့၏ဒေသ အခြေအနေများအရ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများအား အသီးသီးရှင်းလင်းတင်ပြခဲ့ကြသည်။ အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းသည် သီးနှံစိုက်ဧကများ အထွက်နှုန်းတိုးစေရေးအတွက် သွင်းအားစုများအား တောင်သူများထံသို့ ချေးငွေအသွင် ပံ့ပိုးပေးပြီး တောင်သူတစ်ဦးချင်းစီ၏ ဝင်ငွေတိုးတက်စေမည့် စီမံကိန်းဖြစ်ပြီး ရှင်းလင်းတင်ပြချက်များအပေါ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး၊လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီးအဆင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ချမ်းမြေ့**



# ဆင်ပေါင်ဝဲမြို့နယ် မိုးရာသီ သီးနှံစိုက်ပျိုးစရိတ် ချေးငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအတွက် ၂၀၂၄ ခုနှစ်၊ မိုးရာသီ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ထုတ်ချေးပေးခဲ့သည်။

ရေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးစန်းသော်က မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စုအလိုက် စပါးတစ်ဧက ငွေကျပ်တစ်သိန်းငါးသောင်းနှုန်း၊ နှမ်းတစ်ဧက ငွေကျပ်တစ်သိန်းနှုန်းတို့ကို အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးမှာဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရှိသည့် တောင်သူများကိုသာ ထုတ်ချေးပေးသွားမှာဖြစ်ကြောင်း၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးသော ကျေးရွာတောင်သူများကို သီးနှံအာမခံထားရှိရေး၊ စည်းရုံးရှင်းလင်းခြင်းနှင့်ကျေးရွာတောင်သူများကို ချေးငွေထုတ်ချေးသည့် စာချုပ်ပါ စည်းကမ်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ယခင်စိုက်ပျိုးစရိတ်ချေးငွေများပြေကြေစွာ ပေးဆပ်ပြီးသူများကို ထုတ်ချေးပေးခြင်းဖြစ်ပြီး မကြီးကန်ကျေးရွာအုပ်စုနှင့် အင်းမကျေးရွာအုပ်စုမှ တောင်သူ ၂၁၅ဦး၏ စပါးသီးနှံ ၄၀၃ ဧက၊ အခြားသီးနှံ ၈၂၂ ဧကအတွက် ချေးငွေကျပ် ၁၄၂၆ ဒသမ ၅၀) သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**(အပေါ်ပုံ)**

**ခနွဲ့ဝင်း(ဆင်ပေါင်ဝဲ)**

# သီရိမာလာကုန်စိမ်းဈေးသို့ တရုတ်ပြည်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းနေ



**မန္တလေး ဇူလိုင် ၂၄**

မန္တလေး၊ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းလက်ကားဈေးအတွင်းသို့ တရုတ်ပြည်မှ ဝင်ရောက်လာသည့် အာလူးများသည် အရောင်းအဝယ်များကောင်းမွန်နေကြောင်း အဆိုပါဈေးအတွင်းရှိ အာလူးပွဲရုံများထံမှ သိရသည်။

အဆိုပါ တရုတ်ပြည်မှ ထွက်ရှိဝင်ရောက်လာသည့် အာလူးများသည် လက်ရှိအချိန်တွင် မန္တလေးမြို့ သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကားအစီးရေ ၄ စီးမှ ၅ စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး၊ ယခုလက်ရှိအချိန်တွင် ဈေးနှုန်းများမှာ အာလူးတစ်ပိဿာလျှင် ငွေကျပ် ၃၆၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့ အောင်ပွဲရုံမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"လက်ရှိမှာတော့ အာလူးက တရုတ်ပြည်ကနေ ထွက်ရှိပြီးဝင်ရောက်လာတာပါ။ အောင်ပန်းဒေသက အာလူးများလည်း စတင်ဝင်ရောက်နေပါပြီ။ ကျန်တဲ့ဒေသက ထွက်ရှိတဲ့ အာလူးတွေကတော့ မရှိသေးပါဘူး။ အာလူးစိုက်ပျိုးတဲ့ တောင်သူတွေက ရာသီဥတုအခြေအနေကြောင့် မစိုက်ကြတာများပါတယ်။ စိုက်တဲ့သူနည်းသွားပါတယ်။ တရုတ်သီးတွေ ဝင်ရောက်လာကာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။တရုတ်ပြည်က ဝင်ရောက်လာတဲ့ အာလူးတွေက ဈေးကွက်အတွင်းမှာ အရောင်းအဝယ်ကောင်းပြီးတော့ ဈေးကောင်းရရှိနေပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ တရုတ်ပြည်မှ ဝင်ရောက်လာသည့် အာလူးများသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိနေပြီး ဈေးနှုန်းမှာလည်း ကောင်းမွန်လျက်ရှိကြောင်း၊ ယင်းအာလူးများ အရောင်းအဝယ်ကောင်းနေခြင်းနှင့်အတူ ကျန်သည့် ကုန်သီးနှံများဖြစ်သည့် ဂေါ်ဖီထုပ်၊ သခွားသီး၊ ခရမ်းချဉ်၊ မုန်ညင်းဖြူ၊ ဘိုစားပဲနှင့် ပန်းမုန်လာတို့သည်လည်း ဈေးကောင်းများဖြစ်အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ လက်ရှိအချိန် ဈေးသို့ကုန်မျိုးစုံဝင်ရောက်နေသည့် ကားအစီးရေသည် နေ့စဉ်ပုံမှန်ဝင်ရောက်လျက် ရှိနေကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**(၀၃၄)**

၀-၀-၀-၀-၀-၀

# ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများကို မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၂၄၇၃၄ သိန်း ထုတ်ချေးပြီးစီး

**ပွင့်ဖြူ ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ၂၀၂၄ -၂၀၂၅ ခုနှစ် ၊ မိုးသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးစပါးနှင့် အခြားမိုးသီးနှံ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် မေ ၂၀ ရက်ကစပြီး စဉ်ဆက်မပြတ် ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၃ ရက်ထိ မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေကျပ် ၂၄၇၃၄ သိန်း ထုတ်ချေးဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း အဆိုပါ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာ၌ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဘဏ်မန်နေဂျာ ဦးအေးမင်းနိုင်က ချေးငွေများ မထုတ်ချေးမီ သီးနှံအလိုက် ချေးငွေထုတ်ချေးပေးမှုနှုန်းထားနှင့် ချေးငွေပေးဆပ်ရမည့်ကာလတွင် အချိန်မီပေးဆပ်နိုင်ရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို အသိပေးရှင်းလင်းဆွေးနွေး ပြောကြား၍ စိုက်ပျိုးစရိတ်ချေးငွေများကို ဒေသခံတောင်သူများ လက်ဝယ်အရောက် စနစ်တကျထုတ်ချေးဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ မိုးသီးနှံစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးပေးမှုအနေဖြင့် မေ ၂၀ရက်မှ ဇူလိုင် ၂၃ရက်အထိ ဒေသခံတောင်သူ ၃၄၇၅ ဦးအား မိုးစပါးစိုက်ဧက ၁၅၈၁၈ ဧက နှင့် အခြားသီးနှံ ၁၀၀၇ ဧက အတွက် စုစုပေါင်း စိုက်ပျိုးစရိတ် ချေးငွေကျပ် ၂၄၇၃၄ သိန်း ထုတ်ချေးဆောင်ရွက်ပြီးစီးသွားပြီ ဖြစ်သည်။

ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးရမည့် ကျေးရွာအုပ်စု ၅၁ အုပ်စုရှိပြီး အဆိုပါကျေးရွာအုပ်စုများအနက်မှ ယခင်နှစ်က စိုက်ပျိုးစရိတ်ချေးငွေ ပြေကြေစွာ ပေးဆပ်သည့် ဒေသခံတောင်သူများကို မိုးစပါးသီးနှံစိုက်ပျိုးရန်အတွက် တစ်ဧက ငွေကျပ်တစ်သိန်းခွဲနှုန်း၊ အခြားသီးနှံစိုက်ပျိုးရန်အတွက် တစ်ဧက ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပြီး ထုတ်ချေးပေးရန်ကျန်ရှိသည့် ကျေးရွာအုပ်စုများမှ ဒေသခံတောင်သူများကိုလည်း ချေးငွေပြေကြေစွာ ပေးဆပ်မှုအပေါ် မူတည်ပြီး ရုံးဖွင့်ရက်များတွင် ဆက်လက်ထုတ်ချေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်ဘဏ်မန်နေဂျာထံက သိရသည်။

**(အောက်ပုံ)**

**(၄၄၅)**



## မိုးကောင်းတိုက် ဇီဝိတဒါနသံဃာ့ဆေးခန်း ဩဝါဒခံယူပွဲနှင့် မိတ်ဆက်တွေ့ဆုံပွဲ ကျင်းပ

**မန္တလေး၊ ဇူလိုင် ၂၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ၈၉လမ်း၊ ၂၇လမ်းနှင့်၂၈လမ်းကြားရှိ မိုးကောင်းတိုက် ဇီဝိတဒါနသံဃာ့ဆေးခန်းတွင် ဇူလိုင် ၂၃ ရက် ညနေ ၃ နာရီက ဆရာတော်ကြီးများ၏ ဩဝါဒခံယူပွဲနှင့် မိတ်ဆက်တွေ့ဆုံပွဲ ကျင်းပခဲ့ရာ သံဃာ့ဝန်ဆောင်အဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ၊ ဩဝါဒါစရိယ ဒိုက်ဦးကျောင်းဆရာတော် ဘဒ္ဒန္တဇောတိကာဘိဝံသ၊ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဝင် အလယ်ရွှေကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မဓီပတျာလင်္ကာရ၊ မြို့နယ်သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ သုံးထပ် စာချကျောင်းဆရာတော် ဘဒ္ဒန္တဝိစိုရ၊ ဘဏ္ဍာရေးမှူး ကန့်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တပညာစက္ကတို့ ကြွရောက်တော်မူကြပြီး ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးသမားတော်များနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး အတွင်းရေးမှူး ဆရာတော်က ဩဝါဒကထာ မိန့်ကြားသည်။ ထို့နောက် ဆရာကြီး၊ ဆရာမကြီးများက မိတ်ဆက်စကားနှင့် ဆေးကုသမှုပိုင်းဆိုင်ရာများကို အကြံပြုလျှောက်ထားရာ ဆရာတော်ကြီးများက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးတော်မူကြပြီး ဘဝတုသဗ္ဗမင်္ဂလာ သုံးဂါထာရွတ်ဆိုဆုတောင်း၍ အခမ်းအနားရုပ်သိမ်းခဲ့သည်။

မိုးကောင်းတိုက် ဇီဝိတဒါနသံဃာ့ဆေးခန်းကို နေ့စဉ် ပုံမှန်နံနက် ၉ နာရီမှ ၁၁ နာရီအထိ အနောက်တိုင်းဆေး၊ တိုင်းရင်းဆေးတို့ဖြင့် ဆေးဝါးကုသပေးနေမှုအပြင် လာမည့်အပတ်မှစတင်၍ နေ့စဉ် ညနေ ၅ နာရီမှ ည ၈ နာရီအထိ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

**(၀၇၂)**

## လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး ဇူလိုင် ၂၄**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက အဆိုပါမြို့နယ်ရှိ သင်ပန်းကုန်းရပ်ကွက်၊ မိခင်နှင့်ကလေး ဆေးပေးခန်း၌ ကျင်းပခဲ့သည်။ **(ဝဲပုံ)**





အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းနိုင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး မြို့နယ်သန်းခေါင်စာရင်း၊ ကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သွင်က သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်၊ သမိုင်းကြောင်း၊ ကောက်ယူမည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများအား အကျယ်တဝင့် အသိပညာပေး ဟောပြောပြီး တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များကို သန်းခေါင်စာရင်းကော်မတီဝင်များက တက်ရောက်လာကြသည့် ပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

## သဘာဝဘေးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**စစ်ကိုင်း ဇူလိုင် ၂၄**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)တွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ကျောင်းအုပ်ကြီးက အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်လှိုင်မိုးမြတ်က ကျားမရေးရာ အခြေခံ သဘောတရားများအကြောင်းကိုလည်းကောင်း၊ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးလှိုင်က သဘာဝဘေး အန္တရာယ်ဆိုင်ရာတားဆီးကာကွယ်ရေးအကြောင်းအရာများကိုလည်းကောင်း အသီးသီး ဟောပြော ဆွေးနွေးပေးခဲ့ကြသည်။

ဆက်လက်၍ သဘာဝဘေး အန္တရာယ်များမှ တစ်ခုအပါအဝင်ဖြစ်သော ငလျင်ဘေးဆိုင်ရာ တားဆီးကာကွယ်ရေးနှင့်ထိခိုက်မှု အန္တရာယ်လျှော့ချနိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများအား လက်တွေ့သရုပ်ပြ လေ့ကျင့်သင်ကြားပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အသစ်ဝင်နှမ်းဈေးကွက် ဝယ်လိုအားကောင်း ဈေးမြင့်တက်နေ

**မန္တလေး ဇူလိုင် ၂၄**

ပြည်တွင်း ပဲ၊နှမ်းဈေးကွက်သို့ အသစ်ဝင်ရောက်လာသည့် နှမ်းမျိုးစုံဈေးကွက်မှာ ဝယ်လိုအားကောင်းနေတာကြောင့် နှမ်းဈေးကွက် အမြင့်ဈေးရရှိလာသည်။

လက်ရှိကာလတွင် နွေနှမ်းစိုက်ပျိုးထားသည့် နှမ်းအသစ်များ ဈေးကွက်အတွင်း အသစ် ဝင်ရောက်မှုရှိနေပြီး နှမ်းအများဆုံး ထွက်ရှိသည့် အောင်လံ၊ မကွေး ဒေသများမှ နှမ်းစိုက်ခင်းအချို့ ဇရာဝတီမြစ်ရေကြီးမြင့်မှုကြောင့် ပျက်စီးမှုများရှိခဲ့တာကြောင့်လည်း ဈေးကွက်အတွင်း နှမ်းဝင်ရောက်မှု လျော့ကျခဲ့သည်။

လက်ရှိ ပဲ၊ နှမ်းဈေးကွက်တွင် ပို့ကုန်ပဲများနှင့် ကုလားပဲအုပ်စု ဈေးကွက်ဝယ်လိုအား အေးနေသော်လည်း ဆီထွက်သီးနှံအုပ်စုဖြစ်သည့် နှမ်းနှင့် မြေပဲဆန်မှာ ဝယ်လိုအားကောင်းနေကြောင်း နှမ်းမျိုးစုံဈေးကွက်မှာ ပြည်တွင်း ဆီစက်ပိုင်များ ဝယ်ယူမှု အနည်းငယ်နှင့် တရုတ်လိုင်းတင်ပို့ရန်အတွက် ဝယ်လိုအားကောင်းနေကြောင်း ဦးကျော်သွင်(ရွှေစင်သိန်း)ပွဲရုံက ပြောသည်။

"ဇူလိုင်လဆန်းပိုင်းကတည်းက အခြားပဲတွေ ဈေးကွက် အေးနေပေမယ့် နှမ်းနဲ့ မြေပဲဆန်ကတော့ အရောင်းအဝယ်ကောင်းနေပါတယ်။ နှမ်းမျိုးစုံကတော့ မကွေး၊ အောင်လံဒေသမှာ နှမ်းပေါ်ချိန်မှာ ရေနစ်ပြီး ပျက်စီးမှုရှိတော့ နှမ်းဈေးက ဈေးမြင့်တက်လာတယ်။ နောက် တရုတ်လိုင်း အဝယ်ကောင်းနေတော့ နှမ်းနက်ဈေးက သုံးတင်း တစ်အိတ်ကို ငွေကျပ် ၅၀၀၀၀၀ ကျော်အထိ ပေါက်ဈေး ရှိလာတယ်။ အဓိက နှမ်းထွက်ရှိတဲ့ဒေသမှာ နှမ်းအထွက်နှုန်း လျော့ကျလို့ ဈေးမြင့်တက်လာတာပါ"ဟု ၎င်းက ပြောသည်။

ဇူလိုင် ၂၄ ရက် မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနက်(စမုန်)သုံးတင်းဝင်တစ်အိတ် ငွေကျပ် ၅၅၅၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင်တစ်အိတ် ငွေကျပ် ၄၄၀၀၀၀ ထိ ပေါက်ဈေးဖြစ်လာကာ နှမ်းဆီတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀၊ နှမ်းဖက်တစ်ပိဿာလျှင် ငွေကျပ် ၃၁၈၀ ပေါက်ဈေး ရှိနေကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မန္တလေးနေ့စဉ်(၆)**

## ကျွန်းလှမြို့နယ်၌ မိုးစပါး ရောမင်း (RS -CS) မျိုးစေ့ထုတ်စံပြကွက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**ကျွန်းလှ ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် မိုးစပါးဧရာမင်း(RS - CS) မျိုးစေ့ထုတ်စံပြကွက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၇ နာရီက မန်ကျည်းအင်းကျေးရွာ၊ ကွင်းအမှတ်(၂၉၂)၊ တောင်သူ ဦးစောထွေး၏ လယ်မြေ ၅ ဧက၌ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက မိုးစပါး မျိုးစေ့ထုတ်ကွက်စိုက်ပျိုးရာတွင် ကြိုးတန်း ခြောက်တန်း တစ်တန်းလုပ် စိုက်ပျိုးခြင်းဖြင့် ကောက်ကွက်ပြည့်မီခြင်း၊ အပင်ကြီးထွားမှုမြန်ဆန်ခြင်း၊ ပေါင်းထိုးသမန်းနှိုးလွယ်ကူခြင်း၊ ပေါက်မြက်ကင်းရှင်းခြင်း၊ ပိုးမွှားရောဂါကင်းစင်ခြင်း၊ ရင်းမှည့်သီညာပြီး ရိတ်သိမ်းချိန် အလေအလွင့်နည်းပါးခြင်း၊ အထွက်နှုန်းကောင်းမွန်ခြင်း စသည့် အကျိုးကျေးဇူးများရရှိ၍ ဒေသနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်ပြီး လူမှုဘဝဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ကျွန်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးက ယူရီးယားဓာတ်မြေဩဇာ ထောက်ပံ့ပေးပြီး မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများနှင့်အတူ မိုးစပါးမျိုးစေ့ထုတ်စံပြကွက် စိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးခဲ့သည်။ **(အောက်ဝဲပုံ)**

ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်၊ မိုးစပါးစိုက်ပျိုးရန် ၃၄၀၉၇ ဧက လျာထားပြီး လျာထားပြည့်မီအောင် စိုက်ပျိုးနိုင်ရန်နှင့် ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် စိုက်ပျိုးရေးပညာရှင်များက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄၈၀)**

# ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် စိုက်ဧက ၄၇၈၁ ဧက စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင် ယခုနှစ်မိုးသီးနှံရာသီ၌ စားဖိုဆောင်သီးနှံအဖြစ်အသုံးပြုသော ဟင်းသီးဟင်းရွက်စိုက် ဧက ၄၇၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မြို့နယ်တွင် ယခုနှစ်မိုးသီးနှံရာသီ၌ ဟင်းသီးဟင်းရွက် လျာထားစိုက်ဧက ၅၅၀၀ ကိုလျာထားပြီး မေလကုန်ပိုင်းမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ချိန်တွင် စားဖိုဆောင်သီးနှံများဖြစ်သော ဟင်းသီးဟင်းရွက်စိုက်ဧက ၄၇၈၁ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးနေကြောင်း၊ ယင်းစားဖိုဆောင်သီးနှံများ စိုက်ပျိုးနိုင်သည့်အတွက် ဒေသထွက်ကုန်သီးနှံများကိုသာ ရောင်းချနိုင်ပြီး၊ မိသားစုဝင်ငွေတိုးပွားစေကာ အလုပ်အကိုင်အခွင့်အလမ်းများလည်းရရှိစေမည့် အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်တဲ့ကာလမှာ စားဖိုဆောင်သီးနှံများအဖြစ် အသုံးပြုတဲ့ ဟင်းသီးဟင်းရွက် လျာထားဧက ၅၅၀၀ ကို စိုက်ပျိုးဆောင်ရွက်သွားမှာပါ။ စားဖိုဆောင်သီးနှံ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးတဲ့အတွက် မိသားစုဝင်ငွေတိုးလာမယ့်အပြင် အခြားဒေသကနေလည်း သီးနှံတွေတင်သွင်းရောင်းချ စရာမလိုတော့မှာဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံတွေကို ရာသီအလိုက် စိုက်ပျိုးပြီးတော့ စားသုံးသူပြည်သူတွေအတွက် ဆောင်ရွက်ပေးပါတယ်။ ပြည်တွင်းရှိတောင်သူတွေ စိုက်ပျိုးရခြင်းဟာ ကိုယ့်မြို့နယ်အတွင်းမှာ စိုက်ပျိုးနိုင်ခြင်းကြောင့် အာဟာရပြည့်ဝတဲ့ ဟင်းသီးဟင်းရွက်ရရှိဖို့ပါ။ အဓိကအနေနဲ့ကတော့ ကျန်းမာရေးညီညွတ်တဲ့ အသီးအနှံတွေ ရရှိဖို့ပါ။ ပြည်တွင်းစားသုံးမှုဖူလုံစေဖို့အတွက် စိုက်ပျိုးပါတယ်။ အပိုဝင်ငွေတွေရရှိ စေဖို့အတွက်လည်း ရည်ရွယ်ပါတယ်။စိုက်ပျိုးထားတဲ့ အသီးအနှံတွေကလည်း ပိုးမွှားအန္တရာယ်ကင်းရှင်းပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ ဈေးကွက်ဝင်သီးနှံတွေ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို ဌာနကနေဆောင်ရွက်ပေးပါတယ်။ လက်ရှိအချိန်မှာတော့ ဟင်းသီးဟင်းရွက်စိုက်ဧက ၄၇၈၁ ဧကပြီးနေပါပြီ"ဟု ၄င်းက ရှင်းပြသည်။

အဆိုပါ မြို့နယ်တွင် ယခုနှစ်မိုးရာသီ၌ စားဖိုဆောင်သီးနှံအဖြစ် စိုက်ပျိုးရာ မရှိမဖြစ်အသုံးဝင်သည့် သီးနှံများဖြစ်သော နံနံပင်၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ချဉ်ပေါင်၊ ဘူးသီး၊ ရုံးပတီသီး၊ ဂေါ်ဖီ၊ မုန်လာ၊ တိုင်ထောင်ပဲ တောင့်ရှည်၊ သခွားသီး၊ ကန်စွန်း၊ သခွား၊ ကြက်ဟင်းခါးသီး စသည်ဖြင့် အစုံစိုက်ပျိုးကြောင်း၊ ယင်းသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူစားသုံးနိုင်စေရေးအတွက် ဌာနမှလည်း ကွင်းဆင်းပြီး တောင်သူများကို အသိပညာပေးဆွေးနွေးခြင်းများ ပြုလုပ်ပေးကြောင်း သိရသည်။

(ဝ၃၄)



# မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**လဲချား ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ မြို့နယ်သစ်တော ဦးစီးဌာန၊ တောအုပ် ဦးဆန်းမင်းစိုး ဦးဆောင်မှုဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီ လူထုစုပေါင်း သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပေါရာဏဘုရားအနီးကွင်းပြင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးမြင့်ဝေက သစ်ပင်စိုက်ပျိုးပွဲပြုလုပ်ရခြင်း ရည်ရွယ်များအား ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက သက်ဆိုင်ရာ တာဝန်ရှိသူများထံ စိန်ပန်းအနီ၊ စိန်ပန်းအပြာ၊ ရေသင်းဝင်၊ မယ်ဇလီ၊ မျောက်ငိုစသည့် စုစုပေါင်းပျိုးပင်(၁၀၀၀) ပင် ပေးအပ်ခဲ့ကာ သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာကြသည့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တပ်ရင်းတပ်ဖွဲ့ဝင်များ အင်အား ၃၀၀ ဦးတို့က သစ်ပင်၊ ပျိုးပင်များ စိုက်ပျိုးကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပျိုးပင်များစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) မြို့နယ်(ပြန်/ဆက်)

# ရေစီးရေလာကောင်းမွန်ရေး Precast ကွန်ကရစ်မြောင်းများ အဆင့်မြှင့်တင်ပြုလုပ်

**မန္တလေး ဇူလိုင် ၂၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ချမ်းအေးသာစံမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် Precast ကွန်ကရစ်မြောင်းများ အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည်။ ချမ်းအေးသာစံမြို့နယ် ၂၇လမ်း၊ ၆၇လမ်းမှ လမ်း၇၀ အထိအုတ်ရေမြောင်းများအား ၂ပေ×၄ပေ Precast မြောင်းများဖြင့် ဇူလိုင်ဒုတိယပတ်မှစတင်ကာ အစားထိုးတည်ဆောက်ရန် အသင့်ပြုလုပ်ထားသော ကွန်ကရစ်မြောင်းအား ချထားပြီး မြောင်းအကျယ်ချဲ့ မြေတူးဆောင်ရွက်ခဲ့သည်။ အလားတူ အောင်မြေသာစံမြို့နယ် ၁၂ လမ်း၊ ၆၂ လမ်းနှင့်၆၆လမ်းကြား၊ စန္ဒာမုနိဘုရားဘေးတွင်လည်း ကွန်ကရစ်မြောင်းများပြုလုပ်ရန် ဇူလိုင်ဒုတိယပတ်မှစ၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



Precast ကွန်ကရစ်မြောင်းများ ဆောင်ရွက်ခြင်းဖြင့် ဘုရားများ၊ ရုံးများ၊ ကျောင်းများ ဝန်းကျင် မိုးရာသီ ရေစီးရေလာကောင်းမွန်ပြီး ရပ်ကွက်အတွင်း ခြင်အန္တရာယ် လျော့ပါးသက်သာကာ သန့်ရှင်းသာယာသော ရပ်ကွက်ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)(ဝ၄၅)

# မိုးစပါးစိုက်ပျိုးသော အသင်းသားများအား သွင်းအားစုများ ပံ့ပိုးပေးအပ်

**ရပ်စောက် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ် သမဝါယမအသင်းစုတို့မှ နောင်မိုင်းမျိုးစေ့ထုတ်လုပ်ရေးသမဝါယမအသင်းသားများသို့ မြို့နယ်သမဝါယမအသင်းစုပံ့ပိုးငွေဖြင့် မိုးစပါးစိုက်ပျိုးသော အသင်းသားများ၏ ၁၅၆ ဧကအတွက် ၃၁၂ သိန်းနှင့် ညီမျှသော သွင်းအားစုများနှင့် ရပ်စောက်မြို့နယ် သမဝါယမအသင်းမှ ထုတ်လုပ်သော စွမ်းထက်ဓာတ်မြေဩဇာများကို မြို့နယ်သမဝါယမဦးစီးဌာန ရုံးခန်းတွင် ပေးအပ်ခဲ့ရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဝင့်နှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးအောင်သန်းတို့မှ မိုးစပါးသီးနှံစိုက်ပျိုးရာ၌ တောင်သူများ သွင်းအားစုအခက်အခဲမရှိစေရေးအတွက် စပါးတစ်ဧကတွင်ငွေကျပ် နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ထွက်ရှိလာသည့် စပါးများရောင်းချရာ၌လည်း သတ်မှတ်ကာလပေါက်ဈေးဖြင့် ဈေးကောင်းရရှိအောင် ဆောင်ရွက်သွားဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)မြို့နယ်(ပြန်/ဆက်)



# နာနတ်သီးပေါ်ချိန်တောင်သူများ မနှစ်ကထက်ဈေးကောင်းရနေ

**မန္တလေး ဇူလိုင် ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်ဆန် ဒေသ နာနတ်သီးများ ပေါ်ချိန် ယခင်နှစ်ထက် ဈေးကောင်းရရှိကြောင်း နာနတ်သီးစိုက်ပျိုးသူများထံက သိရသည်။

ဇွန်လလယ်မှ ဩဂုတ်လလယ်ထိ လှိုင်လှိုင်ပေါ်လေ့ရှိသော ရှမ်းပြည်နယ်ထွက် နာနတ်သီးများ မန္တလေး၊ ရန်ကုန်၊ နေပြည်တော် ဈေးကွက်သို့ တင်ပို့ရောင်းချရာ စိုက်ခင်းဈေးတစ်လုံးလျှင် ငွေကျပ် ၇၀၀-၈၀၀ ပေါက်ဈေးရရှိကြောင်း၊ ယခုနှစ်တွင် တောင်သူများ ဈေးကောင်းရရှိသလို သွင်းအားစု အလုပ်သမား စရိတ်များလည်း ကြီးမြင့်လာကြောင်း နာနတ်သီးကုန်သည် ဦးကျော်လင်းက ပြောသည်။

"ဒီနှစ်နာနတ်သီး စိုက်ခင်းရှင်းဈေးက တစ်လုံးကို ငွေကျပ် ၇၀၀-၈၀၀ပေါက်ဈေး ဖြစ်လာပါတယ်။ မနှစ်က တစ်လုံး ငွေကျပ် ၄၅၀-၅၀၀ သာပေါက်ဈေးရှိခဲ့တာပါ။ ဒီနှစ် တောင်သူတွေ ဈေးပိုရကြသလို အသီးလည်း ရောင်းကောင်းနေပါတယ်။ရန်ကုန်ဈေးကွက်မှာလည်း အသီးအဝင်ကောင်းသလို ရောင်းအားလည်း ကောင်းနေပါတယ်"ဟု ၄င်းက ပြောသည်။

လက်ရှိမှာ ရှမ်းပြည်နယ်တောင်ပိုင်းမှ ရန်ကုန်ကားတင်ပို့မှုမှာလည်း သယ်ယူပို့ဆောင်စရိတ် ကားတစ်စီးလျှင် ငွေကျပ် ၂၅ သိန်း ခန့်ကုန်ကျနေကြောင်း ရန်ကုန်ဈေးကွက်တွင် နာနတ်သီးတစ်လုံး လက်ကားဈေး ငွေကျပ် ၉၀၀-၁၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းဈေးကွက်တွင် နာနတ်သီးပေါ်ချိန်တွင် ယခင်ထက်ဈေးကြီးမြင့်တာကြောင့် စားသုံးမှု လျော့ကျနေကြောင်း နာနတ်သီးပွဲရုံများထံက သိရသည်။

"ဒီအချိန်က နာနတ်သီးလှိုင်လှိုင်ပေါ်ချိန်ဆိုပေမယ့်။ ရှမ်းပြည်နယ် တောင်ပိုင်းနာနတ်သီးများသာ ဝင်ရောက်မှုရှိတော့ ဈေးကွက်က ဝယ်လိုအားနဲ့ မျှတနေတာမျိုးပါ။ အရင်နှစ်တွေကတော့ ဈေးကွက်ထဲကို ရှမ်းမြောက်၊ ရှမ်းတောင် အသီးအစုံဝင်တော့ အသီးများပြီး ဈေးကျဆင်းပါတယ်။ ဒီနှစ်တော့ နာနတ်သီးပေါက်ဈေး ကောင်းနေပါတယ်"ဟု ၄င်းက ပြောသည်။

ပြည်တွင်းမှထွက်ရှိသည့် နာနတ်သီးကို နိုင်ငံခြားတင်ပို့နိုင်ခြင်းမရှိသေးဘဲ ပြည်တွင်းဈေးကွက်တွင်သာ ရောင်းချနေခြင်းဖြစ်သည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



## သရက်မြို့နယ် ပြည်သူ့ဆေးရုံတွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်ပေး

**သရက် ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေး ဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အငြိမ်းစား ဝန်ထမ်းများအား အခမဲ့ စစ်ဆေးပေးလျက်ရှိပြီး ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချိုဆီးချိုရောဂါစစ်ဆေးပေးခြင်း၊ ECGစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀-၀

## ကျွန်းလှမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးထားရှိမှု ကွင်းဆင်းစစ်ဆေး

**ကျွန်းလှ ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ရာသီအလိုက်သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးထားရှိမှုအား ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျွန်းလှမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူး၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီတို့က အစေ့ထုတ်ပြောင်း စိုက်ပျိုးထားရှိမှု၊ ပဲစင်းငုံနှင့် မြေပဲသီးညှပ်စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုကြပြီး လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့သည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၀၉၇ ဧက၊ ပဲမျိုးစုံ ၁၆၉၅၃ ဧက၊ ဆီထွက်သီးနှံ ၇၃၁၄ ဧက၊ အခြားသီးနှံ ၁၆၉၄၅ ဧက၊ နှစ်ရှည်ပင် ၁၅၄၉ ဧက၊ စုစုပေါင်း ၇၆၈၅၈ ဧက စိုက်ပျိုးရန် လျာထားပြီး လက်ရှိအချိန်ထိ ၃၉၉၇၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အပေါ်ယာပုံ)

(၄၈၀)



## ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်း ကျင်းပ

**ကလော ဇူလိုင် ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက ကလောမြို့နယ်၊ မြင်းစိုင်းကုန်းကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လူငယ်စကားဝိုင်း ကျင်းပခဲ့သည်။ (ဝဲပုံ)




ရှေးဦးစွာ ကလောမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က လူငယ်များအား စာဖတ်ရှိန်မြှင့်တင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွက်လာစေရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် လူငယ်စကားဝိုင်းများ ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် ကျောင်းသားလူငယ်များ စာဖတ်စွမ်းရည်များ တိုးတက်လာပြီး အသင်းအဖွဲ့များတွင် ပါဝင်လုပ်ဆောင်ဆွေးနွေးတတ်သည့် အလေ့အကျင့်များ၊ ကိုယ်ရည်ကိုယ်သွေးများနှင့် နှုတ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကျော့ကေခိုင်ထွန်းက လူငယ်ရေးရာအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး စာသင်ကျောင်းအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ကလောမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကျော့ကေခိုင်ထွန်းက ဦးဆောင်ဆွေးနွေးသူအဖြစ်ပါဝင်ပြီး မြင်းစိုင်းကုန်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ Grade-10 ကျောင်းသား အောင်မျိုးမင်းခန့်က 'လူငယ်နှင့်မူးယစ်ဆေး' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade - 10 ကျောင်းသား မောင်ဟန်ထူးလွင်က 'လူငယ်နှင့်ဆိုရှယ်မီဒီယာ' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 ကျောင်းသား မောင်ဖိုးလမင်းက 'လူငယ်နှင့် ဖွံ့ဖြိုးတိုးတက်ရေး' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade - 10 ကျောင်းသူ မချိုဝမ်းစိုးက 'လူငယ်နှင့်အားကစား' ခေါင်းစဉ်နှင့် Grade - 10 ကျောင်းသူ မထက်ထက်အောင်က 'လူငယ်နှင့်ကျန်းမာရေး' ခေါင်းစဉ်ဖြင့် အသီးသီးဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်သည့် ကျောင်းသား၊ ကျောင်းသူများက လူငယ်စကားဝိုင်းတွင် ဆွေးနွေးခဲ့သည့်အကြောင်းအရာများအပေါ်အခြေခံကာ မိမိတို့သိရှိလိုသည့် မေးခွန်းများကို မေးမြန်းရာ ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်၊ ဦးစီးအရာရှိ ဒေါ်ကျော့ကေခိုင်ထွန်းနှင့် ပါဝင်ဆွေးနွေးသူများက အသီးသီးပြန်လည်ဖြေကြားပေးခဲ့သည်။ ထို့နောက် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက အမှတ်တရလက်ဆောင်များပေးအပ်နှင့်ပြီး ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစာအပြင် ပြင်ပဗဟုသုတများ တိုးပွားစေရေးအတွက် မူးယစ်ဆေးဝါးအန္တရာယ်၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး နံရံကပ်စာစောင်များပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုမှတ်သားခဲ့ကြသည်။

လူငယ်စကားဝိုင်းသို့ မြင်းစိုင်းကုန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအပါအဝင် ကျောင်းသား၊ ကျောင်းသူ ၁၈၅ ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## သစ်ပင်စိုက်ပျိုး စွမ်းအင်တိုး

* ဝွန်၊ ဇူလိုင်တွင် ပြည်တစ်ခွင်၌
သစ်ပင်စိုက်ပွဲ ခြိမ့်ခြိမ့်သဲမျှ
ဆင်နွှဲကျင်းပ စိုက်ပျိုးကြသည်
ဌာနဆိုင်ရာ ပြည်သူပါပြီး
မြို့ရွာစိမ်းလန်း ပြည်အေးချမ်းအောင်
ကြိုးပမ်းဆောင်ရွက် အစဉ်ဆက် ။

* သစ်ပင်စိုက်ပျိုး စွမ်းအင်တိုးကာ
ပြည့်ဖြိုးလှပ သဘာဝနှင့်
လျော့ကျကပ်ဘေး လူတိုင်းဝေးမည်
ပူနွေးကမ္ဘာ တားဆီးရာဝယ်
ဖြေရာတစ်ခု တောပြုစုလျှင်
ဥတုရာသီ မျှတမည် ။

* တိုက်တာဆင့်ဆင့် မိုးထိမြင့်လည်း
ပန်းနှင့်သစ်ပင် မတွေ့မြင်က
ဝန်းကျင်ခြောက်ခန်း စိတ်ပင်ပန်းသည်
စိမ်းလန်းမှုကင်း ပူရှိန်ပြင်း၍
ရေတွင်း၊ ရေကန် ခန်းခြောက်မြန်ပြီး
ဖောက်ပြန်ရာသီ မဆုံးပြီ ॥ ॥

**အောင်မျိုးမြတ်(မန္တလေး)**

# သတင်းပဒေသာ

## စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပူဇော်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့၊ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၂ရက် နံနက် ၉ နာရီတွင် မဟာဝိဟာရဝိသုဒ္ဓိ မြို့လယ်ကျောင်းတိုက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ပင်စင်လစာငွေများ လာရောက်ထုတ်ယူနေသည့် မြန်မာ့စီးပွားရေးဘဏ်၌ ဇူလိုင် ၂၂ရက် နံနက်ပိုင်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဆန်များကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချ

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မကွေးခရိုင်၊ တောင်တွင်းကြီးမြို့တွင် ဧည့်မထဆန်(၂၄)ပြည်အိတ် (၁၀) အိတ်အား ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဇူလိုင် ၂၂ ရက်နံနက် ၇ နာရီက တောင်ပြင်(၂)ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးရွာစာကြည့်တိုက် ပန္နက်တင်မင်္ဂလာ ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ မြေပြင်သာကျေးရွာတွင် နိုင်ငံတော်လှူဒါန်းထောက်ပံ့ငွေဖြင့် ဆောက်လုပ်မည့် ကျေးရွာစာကြည့်တိုက်ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီက အဆိုပါ စာကြည့်တိုက်မြေနေရာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အင်ပက်နှင့်စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေး

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးအတွင်း ဈေးရောင်းဈေးဝယ် ပြည်သူများအား ပလတ်စတစ်ကြွတ်ကြွတ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၈နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်း ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် (Women Club)အဖွဲ့ဝင်များ ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ဆရာမောင်ခင်မင်(ဓနုဖြူ)ရေးသားသည့် "အမွေခံတစ်ယောက် အမွေပေးသူတစ်ရာ" စာအုပ်ဖြင့် ဇူလိုင်၂၃ရက် နံနက်ပိုင်းက စာဖတ်ဝိုင်း ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သုတေသနလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် လူမှုရေးဆိုင်ရာ သုတေသနလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၃ရက် နံနက် ၉ နာရီက ဝမ်နောင်ကျေးရွာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရှင်ဘို့မယ်ဆုတောင်းပြည့်ဘုရားထီးတော်ရွှေအစစ်ချခြင်း တံခွန်တိုင်နှင့် အာရုံခံတန်ဆောင်း ပြုပြင်တည်ဆောက်

**မန္တလေး ဇူလိုင် ၂၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ ၂၉လမ်းနှင့်လမ်း၃၀ကြား ၈၃လမ်းနှင့်၈၄လမ်းကြားရှိ ရှင်ဘို့မယ်မိဖုရားကြီးတည်ထား ကိုးကွယ်ခဲ့သော ရှင်ဘို့မယ်ဆုတောင်းပြည့်ဘုရား၊ ထီးတော်ရွှေအစစ်ချခြင်း၊ တံခွန်တိုင်အသစ်ပြုလုပ်ခြင်း၊ အာရုံခံတန်ဆောင်းဆောက်လုပ်ခြင်း၊ မုခ်ဦးနှင့် သံတံခါးတိုးချဲ့ပြင်ဆင်ခြင်း၊ အုတ်တံတိုင်းအသစ်ပြုလုပ်ခြင်းများ



ဆောင်ရွက်ပြီးစီး၍ ရေစက်ချမင်္ဂလာအခမ်းအနားကို ဇူလိုင်၂၄ ရက် နံနက်၉နာရီက ဘုရားရင်ပြင်တွင် ကျင်းပရာ ရှင်ဘို့မယ်ဘုရားသြဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်ပြီး ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကာ ဆရာတော်ကြီးများထံမှ သီလခံယူပြီးသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်ချအမျှပေးဝေခဲ့ကြပြီး ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ရှင်ဘို့မယ်ဆုတောင်းပြည့်ဘုရားဘက်စုံပြုပြင်ခြင်း အောင်ပွဲအထိမ်းအမှတ် တက်ရောက်လာသူများနှင့်ရပ်ကွက်သူ၊ ရပ်ကွက်သားများအား စတုဒိသာထမင်းများ ကျွေးမွေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(ဝ၄၅)**



# ရှင်ပင်စက္ကိန်းတဲဘုရားကြီး ရွှေထီးတော်စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်နိုင်ရန် သြဝါဒခံယူပွဲ ကျင်းပ

**မင်းဘူး ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်ရှိ သာသနာ့သမိုင်းဝင်ရှင်ပင်စက္ကိန်းတဲစေတီတော်ကြီးအား ရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များ တင်လှူပူဇော်ရန် သြဝါဒခံယူပွဲကို ယမန်နေ့ ညနေ ၃ နာရီက ရှင်ပင်စက္ကိန်းတဲဘုရား ရင်ပြင်တော်ပေါ်ရှိ ဓမ္မာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ရှင်ပင်စက္ကိန်းတဲ ဘဏ္ဍာတော်ထိန်းဂေါပကဥက္ကဋ္ဌ ဦးကျော်သိန်းက ဘုရားကြီးနှင့် ပတ်သက်သည့် သာသနာရေးဆိုင်ရာ အကြောင်းအရာများကို လျှောက်ထားတင်ပြခဲ့သည်။

ဆက်လက်၍ သာသနာ့သမိုင်းဝင် စေတီတော်ကြီးအားလာရောက် ဖူးမြော်ကြသည့် ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဘုရားကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း ပြီးမြောက်သွားပြီဖြစ်ပြီး၊ ယခုတစ်ဖန် ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ တင်လှူ၊ ပူဇော်နိုင်ရေးအတွက် ဆရာတော်ကြီးများထံမှ သြဝါဒမြွက်ကြားချီးမြှင့်ခြင်းကို ခံယူတော်မူခဲ့ကြသည်။

ထို့နောက် သြဝါဒစရိယဆရာတော်များက ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များကို မင်းဘူးမြို့တွင်းသို့ လှည့်လည်အပူဇော်ခံစေ၍ ၁၃၈၆ ခုဝါခေါင်လပြည့်၊ ၂၀၂၄ ဩဂုတ် ၁၉ ရက်တွင် ရွှေထီးတော်များ တင်လှူပူဇော်ခံစေလိုကြောင်း သြဝါဒစကားမြွက်ကြား၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၅၀၄)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

# မန္တလေးချမ်းသာကြီးဆန်လှူအသင်း (၅၅)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူ

**မန္တလေး ဇူလိုင် ၂၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၆လမ်း၊ ပွဲကုန်း၊ လမ်းမတော်ရှိ ချမ်းသာကြီးဆန်လှူအသင်း (၅၅)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲကို ဇူလိုင် ၂၂ ရက်မှ စတင်၍ မန္တလေးခရိုင်အတွင်း သီတင်းသုံးနေထိုင်တော်မူသော ရဟန်းသာမဏေအရှင်မြတ်သုံးသောင်းငါးထောင်ခန့်အား တစ်ပါးလျှင် ဆန် ၃ပြည်နှုန်းဖြင့် ဆွမ်းဆန်များအား ချမ်းသာကြီးဆန်လှူအသင်း ဥက္ကဋ္ဌဦးထွန်းနှင့် အလုပ်အမှုဆောင်များ၊ သုဇာတာအဖွဲ့များလုပ်အားဒါနပါဝင်ကုသိုလ်ယူ၍ လှူဒါန်းပေးကြသည်။

မန္တလေးချမ်းသာကြီး ဆန်လှူအသင်း(၅၅)ကြိမ်မြောက်ဆွမ်းဆန်တော်လောင်းလှူပွဲနှင့် မန္တလေးမြို့တွင်သီတင်းသုံးနေထိုင်တော်မူသော သက်တော်ရှည်ဆရာတော်ကြီးများအား ရည်မှန်း၍ အောင်မြေသာစံမြို့နယ်ရှိ မင်းမြန်မာကိုယ်ပိုင်ကျောင်းတည်ထောင်သူ ဦးရဲမင်းစိုးမိသားစုက ငွေကျပ် ၁၀သိန်း၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ငွေကျပ် ၅၂သိန်းရှစ်သောင်း၊ သုဇာတာ အမျိုးသမီးများအဖွဲ့က ဆွမ်းဆန်တော်အိတ် ၂၀အတွက် ငွေကျပ် ၁၈သိန်း၊ ရေစက်ချဆရာတော် ၁၅ပါးအတွက် ငွေကျပ် ၇ သိန်းငါးသောင်းတို့ကို လှူဒါန်းခဲ့ကြသည်။ **(အောက်ပုံ)**

မန္တလေးမြို့ ကျက်သရေဆောင်ချမ်းသာကြီးဆန်လှူအသင်း (၅၅)ကြိမ်မြောက်ဆွမ်းဆန်တော်လောင်းလှူပွဲ၊ ရေစက်ချမင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၆ တွင် လည်းကောင်း၊ မြို့နယ်သင်းထောက်များ တွေ့ဆုံပွဲနှင့်ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၄၅)**



# ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ရေဘေးသင့် ပြည်သူများအား ယမန်နေ့ မွန်းလွဲ ၂ နာရီက အမှတ်(၂) ရပ်ကွက်အတွင်းရှိ ရေဘေးရှောင်စခန်း၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ရေဘေးသင့်ပြည်သူများအား ကျန်းမာရေး အသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသမှုများပြုလုပ်ပေးခြင်း၊ ဆေးဝါးများ ထောက်ပံ့ပေးခြင်း၊ လက်သန့်ဆေးရည်ဘူးများနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အမှတ်(၂)ရပ်ကွက်အတွင်းရှိ ရေဘေးသင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြကြောင်း သိရသည်။

**ခနိ့ဝင်း(ဆင်ပေါင်ဝဲ)**

# နိုင်ငံရေးပါတီ ( ၂၇ ) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

နိုင်ငံရေးပါတီ ( ၂၇ ) ပါတီ၏

ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ( ၄ ) ရက်

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ( ၂၄ ) ရက်

၁။ နိုင်ငံတော်အစိုးရက ၂၀၂၅ ခုနှစ်အတွင်း လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း အသိပေးထားရှိပြီး ဖြစ်ပါသည်။ ၎င်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ခိုင်မာသောသန္နိဋ္ဌာန်လည်း ဖြစ်ပါသည်။

၂။ လက်ရှိအခြေအနေများအရ နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ စတင်ကျူးကျော်၊ နယ်မြေချဲ့ထွင်၊ စစ်ဆင်တိုက်ခိုက်လာခဲ့ကြသော NUG/CRPH/PDF/MNDAA/TNLA/AA အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA စာချုပ်အား သွေဖည်၊ ချိုးဖောက်သွားကြသည့် လက်နက်ကိုင်အဖွဲ့အစည်းအချို့တို့နှင့် ၎င်းတို့အား နည်းလမ်းမျိုးစုံဖြင့် ပူးပေါင်း၊ ကူညီ၊ အားပေး၊ ထောက်ပံ့နေကြသော ပြည်တွင်း/ပြည်ပမှ လူပုဂ္ဂိုလ်/အဖွဲ့အစည်းအချို့တို့သည် ဒို့တာဝန်အရေးသုံးပါးကို ဖျက်ဆီးနေကြသူများဖြစ်ကြပြီး အောက်ပါလုပ်ရပ်များကို ဆက်လက်ကျူးလွန်နေကြဆဲဖြစ်ပါသည် –

(က) ရဟန်းသံဃာများ၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ/ ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ၊ ကလေးသူငယ်များအား ဖမ်းဆီးခြင်း၊ ပြန်ပေးဆွဲခြင်း၊ သတ်ဖြတ်ခြင်း။

( ခ ) နိုင်ငံပိုင်/ ပုဂ္ဂလိကပိုင် အဆောက်အအုံများအား နည်းလမ်းမျိုးစုံဖြင့် ဖျက်ဆီးခြင်း။

( ဂ ) အပြစ်မဲ့ပြည်သူများအား လူသားတံတိုင်းအဖြစ် အကာအကွယ်ပြု၍ တိုက်ခိုက်ခြင်း။

(ဃ) မြို့ကြီးများနှင့် ရပ်ကွက်/ ကျေးရွာအုပ်စုများအတွင်းသို့ လက်နက်ကြီး/ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း။

( င ) အရွယ်မရောက်သေးသည့် လူငယ်များအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင် လက်နက်စွဲကိုင်တိုက်ပွဲဝင်စေခြင်း။

( စ ) နယ်မြေတစ်ခုတည်း၌ နှစ်ကာလကြာရှည်စွာ အတူတကွနေထိုင်ခဲ့ကြသည့် လူမျိုးမတူသော အခြားတိုင်းရင်းသားမျိုးနွယ်စုများအား မူလနေရပ်ဒေသများမှ အတင်းအဓမ္မ စွန့်ခွာစေခြင်း။

(ဆ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ( ၂၀၀၈ ခုနှစ် )၊ ပြည်တွင်းတည်ဆဲဥပဒေများနှင့် နိုင်ငံတကာဥပဒေများအား ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်ခဲ့ခြင်း။

၃။ အထက်ပါ အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများအနေဖြင့် အလုပ်အကိုင်နှင့် ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးရခြင်း၊ စားဝတ်နေရေး ကျပ်တည်းလာခြင်း၊ လူငယ်များပညာသင်ကြားနိုင်ခွင့်များ ဆုံးရှုံးရခြင်း၊ အခြေပြုရာ မူရင်းဒေသများကို စွန့်ခွာခဲ့ရခြင်းတို့အပြင် အနာဂတ်မျှော်လင့်ချက်များအားလုံး ဆိတ်သုဉ်းကွယ်ပျောက်ခဲ့ရပြီး ပြည်သူလူထု၏ မူလအခွင့်အရေးများ ပိတ်ဆို့ထားသကဲ့သို့ ခံစားနေရသဖြင့် အမြန်ဆုံးလွတ်မြောက်ရန် လိုအပ်မည်ဟု ရှုမြင်ပါသည်။

၄။ နိုင်ငံတော်အစိုးရ၏ ၂၀၂၅ ခုနှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရန် ပြင်ဆင်နေမှုအား အကြမ်းဖက်မှုကို လက်မခံကြသည့် သန်းပေါင်းများစွာသောပြည်သူများကို ကိုယ်စားပြု၍ မိမိတို့ နိုင်ငံရေးပါတီများက အပြည့်အဝ ထောက်ခံကြိုဆိုပါကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ မြန်မာ့မြေပေါ်မှ အကြမ်းဖက်မှုလုပ်ငန်းစဉ်များ ချုပ်ငြိမ်းစေရေးတို့အတွက် မိမိတို့ နိုင်ငံရေးပါတီများက နိုင်ငံရေးနည်းလမ်းဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရက ၂၀၂၅ ခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်နေသည့် သတင်းစကားသည် နိုင်ငံတော်အတွက် ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်သော ဒီမိုကရေစီနည်းလမ်းတကျ အစိုးရတစ်ရပ် ဖြစ်ပေါ်လာစေရန် ရည်ရွယ်ခြင်းဖြစ်၍ ကာကွယ်ရေးနှင့် လုံခြုံရေးအဖွဲ့အစည်းများအတွက် ထွက်ပေါက်မဟုတ်ဘဲ နိုင်ငံရေးပါတီများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအတွက် အကောင်းမွန်အချောမွေ့ဆုံး ထွက်ပေါက်လမ်းကြောင်းတစ်ခုဖြစ်သည်ဟု ယုံကြည်လက်ခံပါကြောင်း အောက်တွင် လက်မှတ်ရေးထိုး ပူးတွဲသဘောထားကြေညာချက် ထုတ်ပြန်အပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးဌေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒုးလေးပါတီ) | |
| ၇။ | ဦးဦးသန်းဌေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | |
| ၁၃။ | ဦးစိုင်းအိုက်ပေါင်း | ဥက္ကဋ္ဌ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | |
| ၁၄။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၅။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို(တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၆။ | ဦးနိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၇။ | ဦးအောင်မြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၈။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၉။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၂၀။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | |
| ၂၁။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၂။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၃။ | ဦးသန်းဦး | ဒုတိယဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၄။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၅။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၆။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |
| ၂၇။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့ကွက်သစ်၊ အကွက်အမှတ်(၁၁-၂၁/၄၃)၊ ဦးပိုင်အမှတ်(၅၊ ၁၄၊ ၃၉)မြေကွက်အားလုံးတို့မှာ ဦးမြင့်ဟန်(ကွယ်လွန်)နှင့် ဇနီး ဒေါ်ခင်သူထွေးတို့ ပိုင်ဆိုင်သည့် မြေကွက်များဖြစ်ပါသည်။ အဆိုပါမြေကွက်များမှာ ၁။မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့ကွက်သစ်၊ အကွက်အမှတ်(၁၁-၂၁)၊ ဦးပိုင်အမှတ်(၅)မြေကွက်အား မြေနေရာချထားရေးနှင့် မြို့ကွက်သစ်တည်ဆောက်ရေးကော်မတီမှ ဦးမောင်မာင်ဦး(ဘ)ဦးသိန်းဖံ(MDYSW-၀၁၀၄၁၆)အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်၏ မြေနေရာချထားပေးရေး စာရွက်မိတ္တူ၊ အရပ်ကတိစာချုပ်အဆင့်ဆင့် မူရင်းများနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်းများ ၂။မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့ကွက်သစ်၊ အကွက်အမှတ်(၁၁-၂၁)၊ ဦးပိုင်အမှတ်(၁၄)မြေကွက်အား မြေနေရာချထားရေးနှင့် မြို့ကွက်သစ်တည်ဆောက်ရေးကော်မတီမှ ဦးဝင်းအောင်(ဘ)ဦးဖြူစူး(၉/မနတ(နိုင်)၀၈၂၇၄၂) အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်၏ မြေနေရာချထားပေးရေး စာရွက်မူရင်း၊ အရပ်ကတိစာချုပ်အဆင့်ဆင့်မူရင်းများနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်းများ ၃။မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့ကွက်သစ်၊ အကွက်အမှတ်(၁၁-၄၃)၊ ဦးပိုင်အမှတ်(၃၉)မြေကွက်မှာ မြေနေရာချထားရေးနှင့် မြို့ကွက်သစ်တည်ဆောက်ရေးကော်မတီမှ ဦးထွန်းလင်း(ဘ)ဦးစံကွန့်(၉/မနတ(နိုင်) ၀၄၅၈၂၄)အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်၏မြေနေရာချထားပေးရေး စာရွက်မူရင်း၊ အရပ်ကတိစာချုပ်အဆင့်ဆင့်မူရင်းများနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်းများ၊ အဆိုပါမြေကွက်များ၏ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများအားလုံးတို့မှာ (၁၅-၆-၂၀၂၄)ရက်က ဦးမြင့်ဟန် ကွယ်လွန်သည့်အချိန်တွင် ပျောက်ဆုံးသွားခဲ့ပါသည်။ သို့အတွက် အဆိုပါစာရွက်စာတမ်းမူရင်းများအားလုံးတို့အား လက်ဝယ်ရှိသူအနေဖြင့် ဦးမြင့်ဟန်၏ဇနီး ဒေါ်ခင်သူထွေးထံသို့ ဤကြေညာစာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ပေးအပ်ရန် အသိပေးကြေညာပါသည်။ ယင်းစာရွက်စာတမ်းများကိုအကြောင်းပြု၍ မြေကွက်များနှင့် မြေကွက်များပေါ်ရှိ အဆောက်အအုံများအား ဒေါ်ခင်သူထွေး၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်ခင်သူထွေး(ဘ)ဦးစိုးမြင့်(၉/မခန(နိုင်)၁၅၁၃၃၁)**
**ဖုန်း ➤ ၀၉–၇၈၅၈၉၁၉၇၀**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြမြငွေး(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ**
**၆၆(အေ)လမ်း၊ ၁၁၀(စီ)လမ်း၊ အမှတ်(၅)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉–၄၄၁၀၁၈၈၄၆**

# အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ မတ္တရာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၈၈-က/၅)၊ ဦးပိုင်အမှတ်(F-275)၊ ဧရိယာ (၀ ဒသမ ၀၂၄)ဧက အကျယ်အဝန်းရှိ ဦးဖိုးကြွယ် အမည်ပေါက် ရှာမြေကွက်အတွင်းမှ အရှေ့လမ်းမျက်နှာစာ(ပေ ၂၀ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁၅ ပေ × ၁၅ ပေ)ပတ်လည် ဆိုင်ခန်း(၁)ခန်း၊ မီးမီတာ၊ အဝီစိတွင်းရေ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကာ ပြန်လည်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဟု အဆိုပြုရောင်းချသူ ဒေါ်မော်မော်ဦး(ဘ)ဦးဖိုးကြွယ်(၉/မတရ(နိုင်)၁၂၁၁၈၂)မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြလေးလှိုင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၅၈၅၇)**
**၇၅လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ စကြိန္ဒယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉–၇၈၆၀၆၅၀၆၃၊ ၀၉–၄၂၃၇၃၂၅၁၉**

## ကြော်ငြာစာ

